# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက် ၊ စနေနေ့ ၊ (18-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံ

## အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လို



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊

စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍကိုအားပေး

ပညာရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့်ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီးသည်။

ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ရာတွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများတိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သော အလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**"မကြာမီကာလက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ကျောက်မဲဒေသတွင်လည်း ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံးပညာပြန်လည်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ကလေးငယ်များ၏ ပညာရေးမဆုံးရှုံးစေရန်နှင့် ပညာရေးနောက်ကျခြင်းမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သားသမီးချင်း၊ မိဘချင်းကိုယ်ချင်းစာ၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တစ်နိုင်ငံလုံးရှိ ကလေးငယ်များ ပညာသင်ကြားမှုများ နောက်ကျကျန်ရစ်မှုမရှိစေရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီး ခေတ္တပိတ်ထားခဲ့ရသည့် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများကိုလည်း အမြန်ဆုံး ပြန်လည်တည်ဆောက်ပြုပြင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း"** စသည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC–I)၌ ကျင်းပခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ဆိုင်ရာ အခမ်းအနားတွင် မိန့်ခွန်းပြောကြားပြီးနောက် ဖြည့်စွက်ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် မြို့ရွာများကိုတပ်မတော်အနေဖြင့် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးရှိ ကလေးငယ်များ၏ ပညာသင်ကြားမှုများ နောက်ကျကျန်ရစ်မှုမရှိစေရေး၊ တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား၊ ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံ၏ပညာရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူသားအရင်းအမြစ်များပေါ်များခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲ ၁၄၁၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၇၁

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ ၂၆(၂)နှင့်နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/နသ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄–က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ❖ ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄–ခ)ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပုံစံ(၄–ခ)တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃)ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

# အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၂၈၄၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၂၈၄၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၂၈၄၄ ဧကကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ ငရုတ်သီးနှံ ၂၈၄၄ ဧကထိ စိုက်ပျိုးသွားမှာဖြစ်တယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို အများစု ရွေးချယ်စိုက်ပျိုးသွားဖို့ရှိပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧကပြည့်မီအောင် စိုက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်လုပ်ဆောင်နေပါတယ် " ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငရုတ်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ငရုတ်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် မြို့တောကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့တောကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း (VRFP) ရန်ပုံငွေကို ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးရွာမတည် စီမံကိန်းရန်ပုံငွေ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးရွာမတည်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၄၄ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြို့တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ကျေးရွာမတည်စီမံကိန်း ရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီအလှူရှင်အဖွဲ့က လစဉ် ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀ နှင့် လစဉ် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၀၇၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၀၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၅၇၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၇၅၀၀၊ ပုလဲမြို့နယ်တွင် ၉၀၀၁ ဧက စုစုပေါင်း ၁၈၀၇၅ ဧကဖြစ်ပြီး အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်း ၁၈၀၇၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ် စီမံကိန်းရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ ဒသမ ၀၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်တဲကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၀၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နော်လူး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တီလားဗီယားငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့်ဩဂုတ်လအတွင်းက တီလားဗီယားငါးပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း တီလားဗီယားငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို တီလားဗီယားငါးတွေ ဝယ်ယူမှုများနေတာကြောင့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ တီလားဗီးယားငါးပိဿာချိန်တွေ တော်တော်များများ တင်ပို့ ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေပါ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စောင်းလျားသီးကပေးသော ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**စောင်းလျားသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

၉၁ ဂရမ်ခန့်ရှိသည့် အရွယ်တော်စောင်းလျားသီး တစ်လုံးတွင် ဗီတာမင် C အများဆုံး ပါဝင်သော်လည်း အမျှင်ဓာတ် (Fiber)၊ ပရိုတင်း (Protein)၊ ဗီတာမင် B5၊ ဖောလိတ် (Folate)၊ ကော့ပါး (Cu)၊ ပိုတက်စီယမ် (K)၊ မဂ္ဂနီစီယမ် (Mg) များပါဝင်ပြီး တစ်ခါစားအတွက် ကယ်လိုရီ (Calory) ၂၈ နှင့် ကာဗိုဟိုက်ဒရိတ် (Carbohydrate) ၆ ဂရမ် ပါဝင်သည်။ စောင်းလျားသီးသည် ကယ်လိုရီနည်းသော အသီးအနှံဖြစ်သည်။

**ရေဓာတ်များသော စောင်းလျားသီး**

စောင်းလျားသီးတွင် ရေ ၉၁ ရာခိုင်နှုန်းခန့်ဖြင့် ဖွဲ့စည်းထားသောကြောင့် ရေဓာတ်ပါဝင်မှု မြင့်မားသည့်အပြင် စောင်းလျားသီးတွင် ပိုတက်စီယမ်(K) ကဲ့သို့ မရှိမဖြစ်လိုအပ်သော လျှပ်လိုက်ရည်များ (Electrolyte) ပါဝင်သည်။ ပိုတက်စီယမ်သည် အရည်မျှတအောင် ထိန်းညှိပေးကာ ကြွက်သားကျုံ့မှုနှင့် အာရုံကြောအချက်ပြမှုများကို ထိန်းညှိပေးသည်။ စောင်းလျားသီးကဲ့သို့သော ပိုတက်စီယမ်ကြွယ်ဝသည့်အစားအစာများကို စားသုံးခြင်းသည် အထူးသဖြင့် ချွေးအလွန်ထွက်ပြီးနောက် သို့မဟုတ် ရေဓာတ်ခန်းခြောက်သည့်အချိန်များတွင် အီလက်ထရွန်းဓာတ်မျှတမှု (Electrolyte Balance) ကို ထိန်းသိမ်းရန် ကူညီပေးနိုင်သည်။

**ကိုယ်ခံအားကိုမြှင့်တင်ပေးနိုင်ခြင်း**

လူတစ်ဦးအတွက် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်သည့် ဗီတာမင် C ၅၇ ရာခိုင်နှုန်းထိ နေ့စဉ်လိုအပ်ပြီး ထိုဗီတာမင် C ပမာဏသည် စောင်းလျားသီးတွင် ပါဝင်နေသည်။ ဗီတာမင် C သည် ဓာတ်တိုးပစ္စည်းများကြောင့် ခန္ဓာကိုယ်ကို မထိခိုက်အောင် ကာကွယ်ပေးသကဲ့သို့ ရောဂါများ၏အန္တရာယ်မှလည်း ကာကွယ်ပေးသည်။ အအေးမိခြင်းနှင့် တုပ်ကွေးဖြစ်ခြင်းမှ အမြန်သက်သာစေရန်အတွက် စောင်းလျားသီးကို စားပေးသင့်သည်။

**အစာခြေစနစ်ကိုကျန်းမာစေနိုင်ခြင်း**

လူတစ်ယောက်အတွက် တစ်ရက်လျှင် အမျှင်ဓာတ် ၂၅-၃၀ ဂရမ်လိုအပ်ပြီး စောင်းလျားသီးက လိုအပ်ချက်ကို ကောင်းစွာဖြည့်ဆည်းပေးနိုင်သည်။ အမျှင်ဓာတ်၏ ဂုဏ်သတ္တိအနေဖြင့် အူနံရံက အကျိုးမပြုကိုလက်စထရောကို မစုပ်ယူနိုင်စေရန် ကာကွယ်ပေးသောကြောင့် ဝလွန်ခြင်းကို ကာကွယ်ပေးသည်။ စောင်းလျားသီးတွင် ပျော်ဝင်လွယ်သည့် အမျှင်ဓာတ်ပါဝင်မှုကြောင့် အစာခြေစနစ်ကိုလည်း ကျန်းမာစေနိုင်သည်။ ထို့ပြင် စောင်းလျားသီးတွင် တန်နင်ဓာတ် (Tannin) မြင့်မားစွာ ပါဝင်ခြင်းကြောင့် ဝမ်းလျှောမှုကို ကုသပေးနိုင်သကဲ့သို့ အူလမ်းကြောင်းဆိုင်ရာ ပြဿနာများကိုလည်း ရှင်းလင်းပေးသည်။

**သွေးအားနည်းရောဂါ မဖြစ်စေရန်ကာကွယ်ပေးနိုင်ခြင်း**

သွေးနီဥဆဲလ်များကိုဖြစ်ပေါ်စေပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများဆီသို့ အောက်ဆီဂျင်ကို ပို့ဆောင်ပေးသော သံဓာတ်အားနည်းမှုကြောင့်ဖြစ်သည့် သွေးအားနည်းရောဂါမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးများတွင် အဖြစ်များသည်။ စောင်းလျားသီးတွင်ပါဝင်သော ဗီတာမင် C ကြောင့် သံဓာတ်စုပ်ယူမှုကောင်းစေပြီး သွေးအားနည်းရောဂါ မဖြစ်စေရန် ကြိုတင်ကာကွယ်ပေးသည်။

**ဗက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်ခြင်း**

စောင်းလျားသီးက ဗက်တီးရီးယားများနှင့် မှိုပိုးများကို တိုက်ဖျက်ပေးနိုင်သည့်အာနိသင်ရှိသည်။ စောင်းလျားသီးအမှည့်ထက် အစိမ်းကပို၍ အာနိသင်များသည့်အပြင် စောင်းလျားသီးတွင် အပင်မှရသော ဓာတုဒြပ်ပေါင်းများ (Phytochemicals) များဖြစ်ကြသည့် ဖလေဗာနွိုက် (Flavonoid)၊ အယ်ကာလွိုက် (Alkaloids)၊ စပွန်နစ် (Saponins)၊ စတီးရွိုက် (Steroids) နှင့် ကရမ်ဘိုလာ (Carambola) တို့ပါဝင်မှုကြောင့် ဗက်တီးရီးယားများနှင့် မှိုပိုးများကို အထိရောက်ဆုံးဖယ်ရှားပေးနိုင်သည်။

**အရောင်ကျစေနိုင်ခြင်း**

စောင်းလျားသီးတွင် ကွာစီတင် (Quercetin)၊ အက်ပီကီချင်း (Epicatechin) နှင့် ဂါလစ်အက်စစ် (Gallic Acid) တို့ကဲ့သို့ ဖလေဗာနွိုက် (Flavonoid)



များပါဝင်နေသောကြောင့် အရောင်ကျစေနိုင်သည်။ စောင်းလျားသီးတွင် ဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidant) ပါဝင်သဖြင့် ဓာတ်တိုးပစ္စည်းများကြောင့်ဖြစ်သည့် ရောင်ရမ်းမှုကို သက်သာစေနိုင်သည့်အပြင် ဗီတာမင် C ပါဝင်မှုကြောင့်လည်း အရောင်ကျစေနိုင်ပြီး အဆစ်များရောင်ရမ်းခြင်းကို သက်သာစေနိုင်သည်။ မိမိစားမည့်အစားအစာတွင် စောင်းလျားသီးကဲ့သို့သော ရောင်ရမ်းမှုကိုဆန့်ကျင်သော အစားအစာများကို ပေါင်းစပ်စားသောက်ခြင်းဖြင့် နာတာရှည်ရောင်ရမ်းမှုအပါအဝင် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် အချို့သောကင်ဆာများကဲ့သို့ ကျန်းမာရေးပြဿနာအမျိုးမျိုး၏ အန္တရာယ်ကို လျော့ပါးသက်သာစေနိုင်သည်။

**နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်ခြင်း**

စောင်းလျားသီးတွင် အိပ်ပျော်စေနိုင်သော မဂ္ဂနီစီယမ် (Mg) ပါဝင်မှုကြောင့် အာရုံကြောများကို ပြေလျော့စေပြီး ညဘက်များတွင် နှစ်ခြိုက်စွာ အိပ်ပျော်စေရန် ထောက်ကူပေးသည်။

**အစာခြေစနစ်ကိုကျန်းမာစေနိုင်ခြင်း**

စောင်းလျားသီးအသားတွင် ပျော်ဝင်လွယ်သည့် အမျှင်ဓာတ်နှင့် မပျော်ဝင်သည့်အမျှင်ဓာတ် နှစ်မျိုးလုံးပါဝင်နေသည်။ အမျှင်ဓာတ်သည် အစာခြေလမ်းကြောင်းကို လွယ်ကူချောမွေ့စေပြီး ဝမ်းချုပ်နိုင်ခြေကိုလျော့ချပေးကာ ဝမ်းမှန်စေပြီး အစာခြေစနစ်ကို ကျန်းမာစေရန် ထောက်ကူပေး၍ အူတွင်းမှအကျိုးပြု ဗက်တီးရီးယားများကို လည်းကျန်းမာစေနိုင်သည့်အပြင် အစာခြေစနစ်တွင်းမှ အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးသည်။ ထို့ကြောင့် စောင်းလျားသီးကဲ့သို့သော အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများကို ပုံမှန်စားသုံးပေးခြင်းဖြင့် ဝမ်းမှန်စေကာ အစာမကြေခြင်းမှ ကာကွယ်ပေးနိုင်သည်။ ထို့ပြင် စောင်းလျားသီးတွင် တန်နင် (Tannin) မြင့်မားစွာပါဝင်သောကြောင့် ဝမ်းလျှောခြင်းကို ကုသပေးနိုင်သကဲ့သို့ အူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ရှင်းလင်းပေးသည်။

**ဇီဝကမ္မဖြစ်စဉ်ကို ကောင်းမွန်စေနိုင်ခြင်း**

လူသားများ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်ရန်နှင့် အသက်ရှူရန်၊ တွေးတောနိုင်ရန်၊ အစာခြေရန်၊ ကိုယ်အပူချိန်ထိန်းညှိရန်အတွက် ဇီဝကမ္မဖြစ်စဉ်ပေါ်တွင် မှီတည်နေသည်။ ဇီဝကမ္မဖြစ်စဉ်များ ကောင်းမွန်စွာလုပ်ဆောင်နေမှုလည်း ခန္ဓာကိုယ်ကကျန်းမာမည်ဖြစ်ပြီး အဆိုပါ ဇီဝကမ္မဖြစ်စဉ်များ ကောင်းမွန်စေရန်အတွက် စောင်းလျားသီးက များစွာထောက်ကူပေးသည်။ စောင်းလျားသီးတွင် ဗီတာမင် B5 ကြွယ်ဝပြီး စွမ်းအင်ဇီဝဖြစ်ပျက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သည်။ အဆီ၊ ကာဗိုဟိုက်ဒရိတ်နှင့် ပရိုတင်းများကို စွမ်းအင်အဖြစ်သို့ ပြောင်းလဲရာတွင်ကူညီပေးခြင်းဖြင့် ဗီတာမင် B5 သည် ထိရောက်သော ဇီဝဖြစ်ပျက်မှုကိုထိန်းသိမ်းပေးနိုင်သည်။

**မျက်လုံးကျန်းမာရေး ကောင်းမွန်စေနိုင်ခြင်း**

စောင်းလျားသီးတွင် ဗီတာမင် A ကြွယ်ဝစွာ ပါဝင်သောကြောင့် မျက်လုံးကျန်းမာရေးကို ကောင်းမွန်စေသည်။

**ကိုယ်အလေးချိန် လျော့ကျစေနိုင်ခြင်း**

စောင်းလျားသီးတွင် အမျှင်ဓာတ် (Fiber) ကြွယ်ဝမှုကြောင့် အဆာခံနိုင်စေပြီး ကယ်လိုရီပါဝင်မှုနည်းသောကြောင့် ခန္ဓာကိုယ်ကို အဆီမတက်စေနိုင်ပေ။ စောင်းလျားသီးတွင် ဗီတာမင် (Vitamins)နှင့် သတ္တုဓာတ်များ (Minerals) ပါဝင်နေမှုသည်လည်း ဇီဝကမ္မဖြစ်စဉ်ကို ထောက်ကူပေးနိုင်သောကြောင့် ကျန်းမာစွာဖြင့် ခန္ဓာကိုယ်အလေးချိန်ကို ကျစေနိုင်သည်။

**အရိုးများကိုကြံ့ခိုင်စေနိုင်ခြင်း**

စောင်းလျားသီးတွင် ကယ်လ်စီယမ် (K) ပါဝင်မှုကြောင့် အရိုးများကိုကြံ့ခိုင်စေနိုင်ပြီး အလှအပအတွက် အရေပြား၊ ဆံသားနှင့် ခြေသည်းလက်သည်းများ သန့်စွမ်းစေနိုင်သည်။

**ကင်ဆာရောဂါကိုကာကွယ်နိုင်ခြင်း**

စောင်းလျားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ကြွယ်ဝသောကြောင့် ခန္ဓာကိုယ်တွင်းမှ ဖရီးရယ်ဒီကယ်များ (Free Radicals)၊ အဆိပ်အတောက်များကို ပျက်ပြယ်သန့်စင်ပေးနိုင်သည်။ အမျှင်ဓာတ်ပါဝင်မှုလည်းများသဖြင့် အူမကြီးတွင်ကျန်ရစ်နေသည့် အဆိပ်အတောက်များကို သန့်စင်ပေးနိုင်ပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျော့နည်းစေသည်။

**နို့ထွက်များစေသော စောင်းလျားသီး**

နို့တိုက်မိခင်များအနေဖြင့် ကလေးအတွက် နို့ရည်အလုံအလောက်ထွက်ရှိနိုင်ရန် အရေးကြီးဆုံးဖြစ်သည်။ အခြားအာဟာရများကို စားသုံးနိုင်သည့်အပြင် မစိမ်းလွန်း၊ မမှည့်လွန်းသည့်အနေတော် အခြေအနေတွင်ရှိသည့် စောင်းလျားသီးကို ချင့်ချိန်စားသုံးလျှင် နို့ထွက်များစေရန် အထောက်အကူပေးနိုင်သည့်အာနိသင်ရှိသည်။

**နှလုံးကျန်းမာရေး ကောင်းမွန်စေခြင်း**

စောင်းလျားသီးတွင်ပါဝင်သည့် ပိုတက်စီယမ် (K)နှင့် ဆိုဒီယမ် (Na) ဓာတ်များသည် Electrolyte တွင်ပါဝင်သည့် အရေးကြီးသောဓာတ်များဖြစ်ပြီး သွေးဖိအားကို ထိန်းညှိရန်အတွက် အရေးပါသည့် ဓာတ်များဖြစ်သည်။ နှလုံးကြွက်သား အပါအဝင် ခန္ဓာကိုယ်၏ ကြွက်သားလုပ်ဆောင်ချက်များကို ထိန်းညှိပေးသည့် မဂ္ဂနီစီယမ်ကြောင့် ဆိုဒီယမ်ကိုလည်းထိန်းနိုင်ပြီး ကိုလက်စထရောကိုလည်း ကျစေသဖြင့် နှလုံးအတွက်ဆေးတစ်လက်ဖြစ်နေသည်။ စောင်းလျားသီးတွင် ပါဝင်သည့်အမျှင်ဓာတ်နှင့် Antioxidants သည်လည်း နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။

**အသားအရေလှပစေနိုင်ခြင်း**

စောင်းလျားသီးတွင် အရေပြား၏ပျော့ပျောင်းမှုနှင့် တင်းမာမှုကို ထိန်းသိမ်းပေးသည့် ပရိုတင်းတစ်မျိုးဖြစ်သည့် ကိုလာဂျင် (Collagen) ထုတ်လုပ်မှုအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင် C ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သောကြောင့် အဆိပ်အတောက်မှန်သမျှကို ကူညီဖယ်ရှားပေးနေပြီး ဝက်ခြံကင်းရန်၊ ရေဓာတ်ဖြည့်တင်းပြီးချောမွတ်စေရန် အရေးအကြောင်းများလျော့စေရန်နှင့် ခန္ဓာကိုယ်အသားအရေလှပစေရန် စောင်းလျားသီးက ကူညီပေးနိုင်သည်။ ထို့ပြင် စောင်းလျားသီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခရမ်းလွန်ရောင်ခြည်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် အသားအရေပျက်စီးခြင်းမှကာကွယ်ပေးပြီး ကျန်းမာနုပျိုသည့်အသားအရေကို ရရှိစေမည်ဖြစ်သည်။

**အဆီကျစေနိုင်ခြင်း**

စောင်းလျားသီးတွင် သတ္တုဓာတ်နှင့် အမျှင်ဓာတ်များ ကြွယ်ဝသောကြောင့် အဆီချလိုသူများအတွက် စားသင့်သည်။ စောင်းလျားသီးသည် ရေဓာတ်ဖြည့်ဆည်းပေးနိုင်သဖြင့် အားကစားလုပ်သည့်အချိန်တွင် စားသင့်သည်။ လျှပ်လိုက်ရည်များ (Electrolytes) ထိန်းညှိပေးနိုင်မည့် သတ္တုဓာတ်များ ရောနှောပါဝင်နေသောကြောင့် အသုံးဝင်သည်။

**သတိထားရန်လိုသော စောင်းလျားသီး**

စောင်းလျားသီးတွင် အောက်ဇာလိတ် (Oxalate) ပမာဏပါဝင်မှုများသောကြောင့် အချို့သူများအတွက် ဘေးထွက်ဆိုးကျိုးရှိနိုင်သည်။ အထူးသဖြင့် ကျောက်ကပ်မကောင်းသူ၊ ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် စောင်းလျားသီးကို စားသုံးပါက ကျောက်ကပ်ထိခိုက်စေခြင်း၊ အာရုံကြောဆိုင်ရာ ပြဿနာများဖြစ်စေနိုင်ခြင်း၊ တက်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းအထိဖြစ်နိုင်သည်။ စောင်းလျားသီးတွင် ဆေးဝါးများနှင့် ဓာတ်ပြုနိုင်သည့်ဓာတ်ပြုမှုများ ပါဝင်ပြီး ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သောကြောင့် ဆေးဝါးတစ်ခုခု အမြဲသောက်နေသူများအနေဖြင့်လည်း စောင်းလျားသီးကို မစားသုံးမီ ဆေးဖက်ဆိုင်ရာအကြံဉာဏ်ကို ရယူရန်လိုအပ်သည်။ ထို့ပြင် စောင်းလျားသီးနှင့် ချောကလက်တွဲစားမိပါက သေစေနိုင်ပြီး ငုံးသား၊ နို့ရည်၊ ရှောက်သီးတို့နှင့် တွဲဖက်စားသုံးမိပါက အန္တရာယ်များစွာရှိသည်။

**ဆေးဖက်ဝင်စောင်းလျားသီးအနှစ်ချုပ်**

စောင်းလျားသီးသည် ဗီတာမင်များ၊ ဓာတ်တိုး

စာမျက်နှာ ၅ သို့ ⇒

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပါ

- မြန်မာပြည် တစ်မျိုးသားလုံး
စည်းလုံးလို့ ကြိုးစားပါ၊
ကိုယ့်နိုင်ငံ ကိုယ့်လက်ထက်
တိုးတက်ဖို့ရာ၊
အချင်းချင်း လေးစားကာ
ရိုးသားစွာ ကူညီဖေး၊
နိုင်ငံတော် ချစ်စိတ်ကို
ထိပ်ဆုံးတင်ပေး။

- နိုင်ငံဂုဏ် မြှင့်တင်ရေး
ရှာဖွေမနေး မြတ်ပညာ၊
ကမ္ဘာကို ရင်ပေါင်တန်း
ကြိုးပမ်းခါခါ၊
ပြင်းပြသော ဆန္ဒပါ
ဦးတည်ရာ ပန်းတိုင်သို့၊
ကိုယ့်နိုင်ငံ ကိုယ့်လက်ထက်
တိုးတက်စေဖို့။

- သွေးချင်းတွေ ပေါင်းစုလို့
တို့လက်ထက် တို့နိုင်ငံ၊
ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေး
ဆွေးနွေးစီမံ၊
အခက်အခဲ လောကဓံ
ကြံ့ကြံ့ခံ ရင်ဆိုင်လို့၊
ကိုယ့်နိုင်ငံ တိုးတက်ရေးကိုလ
ရှေးရှုကြိုးစို့။ ။

ချစ်သက်(မြန်မာစာ)

# ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၅၀၂၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၅၀၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာလျာထား ၅၀၂၆ ဧကကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ လျာထားဧကအတိုင်း စိုက်ပျိုး ဆီထွက်သီးနှံနေကြာများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုသိမ်မြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ဧက ၅၀၀၀ ကျော်ထိ လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာကို နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်။ တောင်သူတွေအနေနဲ့လဲ နေကြာကို စိုက်ဖူးတဲ့အတွေ့အကြုံရှိပါတယ်။ နေကြာမျိုးစေ့တွေကတော့ တောင်သူတွေက စနစ်တကျ ရွေးချယ်ဝယ်ယူထားတဲ့မျိုးတွေနဲ့ ဒေသမြေအခြေအနေ ရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံတွေကို အဓိကထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် တောင်သူများ ယခုနှစ် စိုက်ပျိုးမည့် ဆီထွက်သီးနှံနေကြာများ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်နှင့် အရည်အသွေးကောင်း နေကြာများ ထွက်ရှိစေရန် မြေယာပြုပြင်ခြင်း လုပ်ငန်းများ၊ မြေဩဇာ အသုံးပြုနည်းပညာများ၊ ပိုးသတ်ဆေး စနစ်တကျအသုံးပြုရေးနည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့်များ အသုံးပြုတတ်စေရန်နှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ရာ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှ အဆက်**

ဆန့်ကျင်ပစ္စည်းများနှင့် အမျှင်ဓာတ်များကြွယ်ဝပြီး ကျန်းမာရေး အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သောအသီးတစ်မျိုးဖြစ်သည်။ ကိုယ်အလေးချိန်လျှော့ချရာတွင် အဓိကအထောက်အကူဖြစ်စေပြီး ကျန်းမာသောအစာခြေမှုကို မြှင့်တင်ပေးခြင်းမှသည် ကိုယ်ခံအားကို မြှင့်တင်ပေးပြီး ရေဓာတ်ကို ထောက်ပံ့ပေးခြင်းထိ စောင်းလျားသီးသည် မည်သည့်အစားအစာအတွက်မဆို အဖိုးတန်သော ဖြည့်စွက်စာတစ်ခု ဖြစ်သည်။ ဗီတာမင် C ကြွယ်ဝစွာပါဝင်သဖြင့် ကိုယ်ဝန်ဆောင်သည်များ၏ ကျန်းမာရေးကို အထောက်အကူပြုပြီး ကြွက်တက်ခြင်းကို ကာကွယ်ပေး၍ ဟော်မုန်းများကို ထိန်းညှိပေးသည်။ စောင်းလျားသီးဖျော်ရည်သို့မဟုတ် စောင်းလျားသီးမှည့်ကို ငါးပြေမနှင့်ချက်စားခြင်းဖြင့် ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးအိမ်နှင့်သည်းခြေအိတ်တို့တွင် ကျောက်တည်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။

စောင်းလျားသီးမှည့်ကို စားပေးခြင်းဖြင့် ဝမ်းချုပ်ရောဂါ၊ ရေငတ်ရောဂါနှင့် သကြားနှင့်စားပါက အော့အန်ခြင်း၊ အစာမကြေခြင်းကို ပျောက်ကင်းစေပြီး အတွင်းလိပ်ခေါင်းရောဂါအတွက် စောင်းလျားသီးမှည့်ကို ခတ်စာအဖြစ်စားသုံးပေးရသည်။ စောင်းလျားသီးမှည့် ရှလပတ်ရည်သောက်ပေးပါက အဖျားပျောက်ကင်းစေသည်။ စောင်းလျားသီးကို ရင်အေးစေသည့်အစာအဖြစ် တရုတ်လူမျိုးများက ယုံကြည်ထားပြီး လည်ချောင်းနာနှင့်အရက်နာကျခြင်းအတွက် သက်သာစေသည်ဟု ဆိုကြသည်။ စောင်းလျားသီးကို ချဉ်ရည်ဟင်းချက်စားပေးပါက ဆီးနှင့်ဝမ်းကိုမှန်စေပြီး အခြားဟင်းလျာများနှင့် ရောချက်၍စားပါက နှုတ်ကိုမြိန်စေသောကြောင့် နှုတ်မမြိန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာမကြေခြင်းတို့ဖြစ်ပွားလျှင် စောင်းလျားသီးအစိမ်းကို ပါးပါးလှီး၍ ငါးနှင့်ချက်စားခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ ဆီးချိုရောဂါရှိသူများအနေဖြင့် စောင်းလျားသီးအစိမ်းကို ငါးပြေမ သို့မဟုတ် အခြားငါးများနှင့်ခတ်စာအဖြစ် မကြာခဏချက်စားခြင်းဖြင့် ရောဂါကိုထိန်းပေးနိုင်သည်။ ဗီတာမင် A ပါဝင်သဖြင့် မျက်လုံးရောဂါကူးစက်မှုများကာကွယ်ပေးပြီး မျက်စိကျန်းမာရေးကို အထောက်အကူပြုသည်။

အချုပ်အားဖြင့် စောင်းလျားသီးကိုစားသုံးပေးခြင်းဖြင့် ဆီးရောဂါ၊ ဝမ်းရောဂါ၊ သည်းခြေ၊ ကျောက်ကပ်ရောဂါတို့ကို ကာကွယ်ပေးနိုင်ပြီး ကိုယ်အလေးချိန်လျှော့ချလိုသောသူများအနေဖြင့် ပုံမှန်စားသုံးပေးသင့်ကြောင်း စောင်းလျားသီး၏ ကျန်းမာရေးအကျိုးကျေးဇူးများကို ရေးသားလိုက်ရပါသည်။

# မကွေးမြို့နယ် ဖလံတောကျေးရွာ၌ ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဖလံတောကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက ဖလံတောကျေးရွာလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းထွန်းဦး၊ မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ကိုကိုတို့က လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် အင်ဂျင်နီယာချုပ် (မြို့ပြ) က လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

ဖလံတောကျေးရွာ၌ အရှည်တစ်မိုင် ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ၉ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၁၉ ဒသမ ၃၅ သန်းဖြင့် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

## နိုင်ငံတကာ သတင်းများ



# ရုရှားသမ္မတနှင့် အမေရိကန်သမ္မတတို့ ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ တွေ့ဆုံဆွေးနွေးမည်

**မော်စကို အောက်တိုဘာ ၁၇**

ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ ထိပ်သီးဆွေးနွေးပွဲ တစ်ပွဲ ထပ်မံကျင်းပရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ပူတင်တို့က အောက်တိုဘာ ၁၆ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် အောက်တိုဘာ ၁၆ ရက်တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြပြီးနောက် ထိပ်သီးဆွေးနွေးပွဲသစ် ထပ်မံကျင်းပရန် သဘောတူခဲ့ကြခြင်း ဖြစ်သည်။

မိမိနှင့် ရုရှားသမ္မတပူတင်တို့ အနေဖြင့် လာမည့် ရက်သတ္တနှစ်ပတ်အတွင်း ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ တွေ့ဆုံဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတပူတင်တို့၏ အောက်တိုဘာ ၁၆ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲမှာ နှစ်နာရီကျော်ကြာမြင့်ခဲ့ပြီး အပြုသဘောဆောင်ခဲ့သော ဆွေးနွေးပွဲအဖြစ် နှစ်နိုင်ငံစလုံးက သတင်းထုတ်ပြန်ထားသည်။

သမ္မတပူတင်နှင့် သမ္မတ ဒေါ်နယ်ထရမ့်တို့၏ ဘူဒါပက်စ် ထိပ်သီးဆွေးနွေးပွဲ အစီအစဉ်ကို ရုရှားအစိုးရကလည်း အတည်ပြုထားသည်။

ရုရှားသမ္မတ ပူတင်နှင့် သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ယခုနှစ်အတွင်း အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်၌ ပထမဆုံးအကြိမ် တွေ့ဆုံ ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂျပန်ဝန်ကြီးချုပ်သစ် ရွေးချယ်ပွဲ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပမည်

**တိုကျို အောက်တိုဘာ ၁၇**

ဝန်ကြီးချုပ်သစ် ရွေးချယ်ရေးမဲခွဲပွဲကို အောက်တိုဘာ ၂၁ ရက်တွင်ကျင်းပရန် ဂျပန်အောက်လွှတ်တော်က စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝန်ကြီးချုပ်သစ် ရွေးချယ်ရေးမဲခွဲပွဲကို အောက်တိုဘာ ၂၁ ရက်တွင်ကျင်းပရန် လက်ရှိအာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက အဆိုပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ လွှတ်တော်မဲခွဲပွဲတွင် ဂျပန် အောက်လွှတ်တော်အမတ်များက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အမျိုးသမီး နိုင်ငံရေးသမား ဆာနာအိတာကာအီချီကို ဝန်ကြီးချုပ်သစ်အဖြစ်ရွေးချယ်ရန် မဲခွဲမည်ဖြစ်သည်။

လွှတ်တော်အမတ်အများစု၏ ထောက်ခံမဲရရှိခဲ့ပါက လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် တာကာအီချီသည် ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲ အရှုံးရလဒ်များအတွက် တာဝန်ယူသည့်အနေဖြင့် ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း လက်ရှိဝန်ကြီးချုပ် အီရှီဘာက ကြေညာခဲ့ပြီးနောက် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ပါတီခေါင်းဆောင်သစ်အဖြစ် တာကာအီချီကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များသည် ဂျပန်ဝန်ကြီးချုပ်ရာထူးကို ရယူခွင့်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆိုးလ် နိုင်ငံတကာစစ်လက်နက်ပြပွဲကို တောင်ကိုရီးယားနိုင်ငံ၌ စတင်ကျင်းပ

**ဆိုးလ် အောက်တိုဘာ ၁၇**

တောင်ကိုရီးယား နိုင်ငံသည် ၎င်း လက်ခံကျင်းပခဲ့ဖူးသမျှ စစ်လက်နက် ပြပွဲများအနက် အကြီးမားဆုံး စစ်လက်နက်ပစ္စည်းပြပွဲကို ယနေ့တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ဆိုးလ်နိုင်ငံတကာလေကြောင်းနှင့် ကာကွယ်ရေးပစ္စည်းပြပွဲအမည်ရှိ အဆိုပါစစ်လက်နက်ပြပွဲတွင် နိုင်ငံပေါင်း ၃၅ နိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၆၀၀ ထိ ပါဝင်ပြသမည်ဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။



စစ်အင်အား ခိုင်မာရေးနှင့် နိုင်ငံတကာလက်နက်ဈေးကွက်၌ နေရာရရှိရေးအတွက် ကြိုးပမ်းနေချိန်တွင် အဆိုပါစစ်လက်နက်ပစ္စည်းပြပွဲကို တောင်ကိုရီးယားနိုင်ငံက စတင်ကျင်းပနေခြင်းဖြစ်သည်။

သုံးရက်ကြာမြင့်မည့် အဆိုပါစစ်လက်နက်ပစ္စည်း ပြပွဲတွင် တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ ပြည်တွင်းထုတ် ကေအက်ဖ်-၂၁ အမျိုးအစား တိုက်လေယာဉ်များကို ထည့်သွင်းပြသမည်ဖြစ်သည်။

ယင်းအပြင် လူ့ဉာဏ်ရည်တုနည်းပညာသုံး မောင်းသူမဲ့လေယာဉ်သစ်များ ထည့်သွင်းပြသရန်လည်း တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားသည်။

ဆိုးလ်နိုင်ငံတကာလေကြောင်းနှင့် စစ်လက်နက်ပြပွဲကို ဆောင်နမ်းလေတပ်စခန်း၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ဘူခါရက်မြို့ ရှစ်ထပ်အဆောက်အအုံတစ်လုံး၌ ပေါက်ကွဲမှုဖြစ်ပွား အထပ်နှစ်ထပ်ကြမ်းခင်းများ ပြိုကျခဲ့သောကြောင့် နှစ်ဦး သေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိ

**ဘူခါရက် အောက်တိုဘာ ၁၇**

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ရှိ ရှစ်ထပ်အဆောက်အအုံတစ်လုံး ယနေ့တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ကြမ်းပြင်များပြိုကျခဲ့ပြီး လူနှစ်ဦးသေဆုံး၍ ၁၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆောက်အအုံ ပေါက်ကွဲမှုကြောင့် ကြမ်းပြင်နှစ်ခုပြိုကျခဲ့ရကြောင်း ရိုမေးနီးယား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ပေါက်ကွဲမှုအရှိန်ကြောင့် အနီးအနားရှိ စာသင်ကျောင်းတစ်ကျောင်းမှ ပြတင်းပေါက်မှန်များ ကွဲကြေခဲ့ရကြောင်း ဘူခါရက်မြို့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။



အဆောက်အအုံ ပေါက်ကွဲမှုကြောင့် ပဉ္စမမြောက်အထပ်နှင့် ဆဋ္ဌမမြောက်အထပ် ကြမ်းခင်းများ ပြိုကျခဲ့ရကြောင်းသိရသည်။

လက်ရှိအချိန်တွင် ရိုမေးနီးယား အာဏာပိုင်များက အဆောက်အအုံပေါက်ကွဲမှု ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားရာ နယ်မြေအတွင်း ဓာတ်ငွေ့ပေးဝေဖြန့်ဖြူးမှု ရပ်ဆိုင်းထားကြောင်း ဘူခါရက်မြို့ အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : RT

Trs : KKO

# ရုရှားနိုင်ငံ ခါ့ချ်နယ်မြေမှ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ယူကရိန်း၌ မောင်းသူမဲ့လေယာဉ်များဖြင့် ကင်းထောက်နေ

**မော်စကို အောက်တိုဘာ ၁၇**

ရုရှားနိုင်ငံ ခါ့ချ်နယ်မြေ၌တပ်စွဲထားသည့် မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များသည် ယူကရိန်းဘက်ခြမ်း၌ မောင်းသူမဲ့လေယာဉ်များဖြင့် ကင်းထောက်မှုများပြုလုပ်နေကြောင်း ယူကရိန်းစစ်ဦးစီးချုပ်ရုံးက အောက်တိုဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား တပ်ဖွဲ့ဝင်ရာပေါင်းများစွာတို့သည် ပြီးခဲ့သည့်နှစ်အတွင်း ရုရှားတပ်များနှင့်အတူ ခါ့ချ်နယ်မြေအတွင်းရှိ ယူကရိန်းတပ်များကို တိုက်ခိုက်ခဲ့သည်။

သို့ရာတွင် ယူကရိန်းတပ်များကို ခါ့ချ်နယ်မြေအတွင်းမှ ယခုနှစ်မတ်လအတွင်း ရှင်းလင်းနိုင်ခဲ့ပြီးနောက် မြောက်ကိုရီးယားတပ်များ၏ စစ်ရေးလှုပ်ရှားမှုသတင်းများ ပေါ်ထွက်လာခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့သော် လက်ရှိအချိန်တွင် ခါ့ချ်နယ်မြေအတွင်းရှိ မြောက်ကိုရီးယားတပ်များသည် မောင်းသူမဲ့လေယာဉ်များသုံး၍ ယူကရိန်းနိုင်ငံ ဆူမီနယ်မြေအတွင်းပစ်မှတ် ကင်းထောက်မှုများ ပြုလုပ်နေကြောင်း ယူကရိန်းစစ်ဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

အလားတူ မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ် ထိန်းချုပ်သူများနှင့် ရုရှားတပ်များအကြား အပြန်အလှန် ဆက်သွယ်မှုများကိုလည်း ကြားဖြတ်ဖမ်းမိထားကြောင်း ယူကရိန်းစစ်ဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ရုရှားနှင့် မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်တစ်ရပ် ရယူခဲ့ပြီး စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းအနားစွန်းနယ်မြေ၌ ပုန်းခိုနေသောကြယ်တစ်စင်း ရှိနေနိုင်



**ဝါရှင်တန် အောက်တိုဘာ ၁၇**

နေအဖွဲ့အစည်း အနားစွန်းနယ်မြေ၌ ပုန်းခိုနေသော ကြယ်တစ်စင်းရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၆ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ပရင့်စတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် နက်ပကျွန်းဂြိုဟ်၏အလွန်၌ တည်ရှိသော ကွီပါခါးပတ်ကွင်း နယ်မြေအတွင်းရှိ အာကာသဒြပ်ထည်များကို လေ့လာခဲ့ကြသည်။

လေ့လာတွေ့ရှိချက်အရ ကွီပါခါးပတ်ကွင်း နယ်မြေအတွင်းရှိ အာကာသဒြပ်ထည် ၅၀ တို့၏ ပတ်လမ်းမှာ ပုံမှန်ပဲတိမ်းစောင်းနေကြောင်း သိရသည်။

အဆိုပါ အာကာသဒြပ်ထည်များ၏ ပတ်လမ်းအနေအထား မူမမှန်မှုဖြစ်နေရခြင်းသည် အခြားဂြိုဟ်တစ်စင်း၏ ဒြပ်ဆွဲအား သက်ရောက်မှုနှင့် ဆက်စပ်နေနိုင်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ပလန်းနက်ဝိုင်အမည်ရှိ အဆိုပါ ဂြိုဟ်သည် ကမ္ဘာဂြိုဟ်အရွယ်အစားရှိ ကျောက်သားဂြိုဟ်တစ်စင်းဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကွီပါခါးပတ်ကွင်းနယ်မြေကဲ့သို့ ဝေးလံသောနေရာတွင် ဂြိုဟ်တစ်စင်းတည်ရှိခဲ့ပါက ၎င်းဂြိုဟ်အနေဖြင့် နေရောင်ကိုအနည်းငယ်မျှသာ ရရှိမည်ဖြစ်ရာ ကမ္ဘာမြေပေါ်ရှိ ရေဒီယိုတယ်လီစကုပ်များအနေဖြင့် တွေ့မြင်ရန်ခက်ခဲမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမေရိကန်စစ်ဘက်၏ ဆက်သွယ်ရေးဂြိုဟ်တု ၂၁ စင်းကို စပေ့အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ပေးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန်စစ်ဘက်၏ ဆက်သွယ်ရေးဂြိုဟ်တု ၂၁ စင်းကို စပေ့အိတ်ကုမ္ပဏီက အောက်တိုဘာ ၁၆ ရက်တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန် စစ်ဘက်ဆက်သွယ်ရေးဂြိုဟ်တုသစ် ၂၁ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် TiTL ဂြိုဟ်တု ၂၁ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။





အမေရိကန် စစ်ဘက်အာကာသဖွံ့ဖြိုးရေးအေဂျင်စီ TiTL အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်တစ်ခုကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

TiTl ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၁၂၆ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် အမေရိကန်စစ်ဘက်က စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးအသုတ် ဂြိုဟ်တု ၂၁ စင်းကို စပေ့အိတ်ကုမ္ပဏီက စက်တင်ဘာ ၁၀ ရက်တွင် လွှတ်တင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံတကာအာကာသစခန်းကို ပတ်လမ်းပေါ်မှဆွဲထုတ်ရန် နာဆာ စီစဉ်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၇**

၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံတကာ အာကာသစခန်းကို ပတ်လမ်းပေါ်မှ ဆွဲထုတ်ရန်အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။



နိုင်ငံတကာ အာကာသစခန်းယာဉ်သည် ပတ်လမ်းခွာထွက်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ လူသူဝေးလံသော နေရာတစ်ခု၌ ကျရောက်မည်ဖြစ်သည်ဟုနာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

၁၉၉၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော နိုင်ငံတကာ အာကာသစခန်းသည် ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလမှစ၍ အချိန်ပြည့် စတင်လုပ်ငန်းလည်ပတ်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၂၅ နှစ်ပြည့်တော့မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းကို ၂၀၃၀ ပြည့်နှစ်တွင်အနားပေး၍ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာ အာကာသစခန်းကို အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဥရောပ၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကင်ဆာရောဂါများကို တားဆီးနိုင်မည့် ထိုးဆေးတစ်မျိုးကို သုတေသနပညာရှင်များ စမ်းသပ်နေ

**နယူးယောက် အောက်တိုဘာ ၁၇**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကင်ဆာဆဲလ်များ မပြန့်ပွားမီ ကင်ဆာရောဂါများကို တားဆီးပေးနိုင်မည့် ထိုးဆေးတစ်မျိုးကို စမ်းသပ်နေကြောင်း အောက်တိုဘာ ၁၆ ရက်သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါထိုးဆေးကို ကြွက်များတွင် လက်တွေ့စမ်းသပ်ခဲ့ရာ မီလာဒိုးမားအရေပြားကင်ဆာ၊ ပန်ကရိယကင်ဆာ၊ Triple-Negative Breast Cancer၊ ရင်သားကင်ဆာ ရောဂါများကို တားဆီးပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် အဆိုပါထိုးဆေးသည် ကိုယ်တွင်းအင်္ဂါများသို့ ကူးစက်မှုကိုလည်း လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆီ မော်လီကျူးများဖြင့် ဖန်တီးထားသော နာနိုရုပ်မှုန်များ ထည့်သွင်းထားသည့် အဆိုပါထိုးဆေးသည် ကင်ဆာရောဂါ ကာကွယ်ရေး၊ ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လက်ရှိအချိန်တွင် အဆိုပါထိုးဆေးသည် ကြွက်များဖြင့်သာ စမ်းသပ်ထားခြင်းဖြစ်ရာ လူသားများတွင်လည်း အလားတူ အကျိုးသက်ရောက်မှုမျိုး ရှိ၊ မရှိ မသိရသေးပေ။

သို့ဖြစ်ရာ အထက်ပါထိုးဆေးကို လူသားများဖြင့် လက်တွေ့ စမ်းသပ်နိုင်ရေးအတွက် အမေရိကန် သုတေသန ပညာရှင်များက မျှော်လင့်ထားသည်။

Ref : Sputnik News

Trs : KKO

## အယ်ဇိုင်းမားရောဂါ သွေးစစ်နည်းတစ်မျိုး FDA က အတည်ပြုချက်ပေးလိုက်ပြီဖြစ်

**နယူးယောက် အောက်တိုဘာ ၁၇**

အယ်ဇိုင်းမားရောဂါ သွေးစစ်နည်းတစ်မျိုးကို အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေး အေဂျင်စီ(FDA) အတည်ပြုချက် ပေးလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

FDA က အတည်ပြုချက်ပေးခဲ့သည့် အယ်ဇိုင်းမားရောဂါ သွေးစစ်နည်းမှာ Roche Diagnostil ကုမ္ပဏီက ဖန်တီးထားသော Fle-csys P Tau 181 အမည်ရှိ သွေးစစ်နည်းဖြစ်ကြောင်း သိရသည်။

Fle-csys P Tau 181 သွေးစစ်နည်းကို အတည်ပြုချက်ပေးလိုက်ခြင်းဖြင့် အယ်ဇိုင်းမားရောဂါလူနာများကို ကုသသူဆရာဝန်များအတွက် အကျိုးကျေးဇူးရှိလိမ့်မည်ဖြစ်သည်ဟု FDA က ကြေညာထားကြောင်း သိရသည်။

အဆိုပါ သွေးစစ်နည်းသည် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှု ရှေ့ပြေးလက္ခဏာများ ပြနေသည့် အသက် ၅၅ နှစ် အထက်ရှိ သူများအတွက် ရည်ရွယ်သော သွေးစစ်နည်းဖြစ်သည်။

Elecsys သွေးစစ်နည်းသည် သွေးရည်ကြည်ထဲရှိ P Tau 181 ခေါ် ပရိုတင်းတစ်မျိုးကို တိုင်းတာခြင်းဖြင့် အယ်ဇိုင်းမားရောဂါ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

သွေးရည်ကြည်အတွင်း P Tau 181 ပရိုတင်းပါဝင်မှု အဆင့်မြင့်မားမှုသည် အယ်ဇိုင်းမားရောဂါ၊ အခြားဦးနှောက်ရောဂါများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO






## ဝင်ငွေအကောင်းဆုံးကစားသမားစာရင်းတွင် စီရော်နယ်ဒို ခြောက်ကြိမ်မြောက် ထိပ်ဆုံး၌ရပ်တည်

**ရီယာ့ဒ် အောက်တိုဘာ ၁၇**

ယခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးကစားသမားစာရင်းတွင် တိုက်စစ်မှူးစီရော်နယ်ဒိုသည် ဆယ်စုနှစ်အတွင်း ခြောက်ကြိမ်မြောက် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Forbes မဂ္ဂဇင်းက ထုတ်ပြန်ခဲ့သည့် ဝင်ငွေအကောင်းဆုံး ကစားသမား ၁၀ ဦးစာရင်းတွင် အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုက ကွင်းအတွင်း ကွင်းပြင်ပ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၈၀ဖြင့် အဆင့် (၁)၊ အင်တာမီယာမီအသင်းတိုက်စစ်မှူး မက်ဆီကကွင်းအတွင်း ကွင်းပြင်ပ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၀ ဖြင့် အဆင့် (၂)၊ အယ်အီသီဟတ် အသင်းတိုက်စစ်မှူး ဘင်ဇီးမားက ကွင်းအတွင်း ကွင်းပြင်ပ အမေရိကန်ဒေါ်လာ ၁၀၄ သန်းဖြင့် အဆင့် (၃)၊ ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အမ်ဘက်ပီက ကွင်းအတွင်း ကွင်းပြင်ပ အမေရိကန်ဒေါ်လာ ၉၅သန်းဖြင့် အဆင့် (၄)၊ မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းက ကွင်းအတွင်း ကွင်းပြင်ပ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် အဆင့် (၅)၊ ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီးယပ်စ်က ကွင်းအတွင်း ကွင်းပြင်ပ ဝင်ငွေ အမေရိကန် ဒေါ်လာ သန်း ၆၀ ဖြင့် အဆင့် (၆)၊ လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်က ကွင်းအတွင်း ကွင်းပြင်ပ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅ သန်းဖြင့် အဆင့် (၇)၊ အယ်နာဆာအသင်း တောင်ပံကစားသမား ဆာနေးက ကွင်းအတွင်း ကွင်းပြင်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၅၄ သန်းဖြင့် အဆင့် (၈)၊ ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဘယ်လင်ဟမ်က ကွင်းအတွင်း ကွင်းပြင်ပဝင်ငွေ အမေရိကန် ဒေါ်လာ ၄၄သန်းဖြင့် အဆင့်(၉)၊ ဘာစီလိုနာအသင်းတိုက်စစ်မှူး ယာမယ်က ကွင်းအတွင်း ကွင်းပြင်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၄၃ သန်းဖြင့် အဆင့်(၁၀)နေရာတွင် အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

အဆိုပါစာရင်းတွင် ပါဝင်ခဲ့သည့် အသက် ၁၈ နှစ်ရှိ တိုက်စစ်မှူးယာမယ်က ဝင်ငွေအကောင်းဆုံး စာရင်းတွင် ပါဝင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : SI
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အလွန်ဆို လက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသည့် အသက် ၁၈ နှစ်ရှိ တိုက်စစ်မှူး အန်းဒရစ်ကို ခေါ်ယူပေးရန် ဂရင်းဝုဒ်က မာဆေးအသင်းကို တောင်းဆိုခဲ့သည်။
- အဲဗာတန်အသင်းက ဂိုးသမားပစ်ဖို့ဒ်ကို ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးနိုင်ခဲ့သောကြောင့် ပစ်ဖို့ဒ်အနေဖြင့် အဲဗာတန်အသင်းတွင် ၁၂နှစ်ကြာကစားမည့် ကစားသမားတစ်ဦး ဖြစ်လာခဲ့ကြောင်း သိရသည်။
- လာမည့် နိုဝင်ဘာ ၆ ရက်တွင်ကစားရမည့် အေဗီလာအသင်းနှင့် မက္ကာဘီတဲလ်အဗစ်တို့ပွဲစဉ်တွင် အဝေးကွင်းပရိသတ်များကို လုံခြုံရေးအခြေအနေအရ ကြည့်ရှုခွင့် ပြုမည်မဟုတ်ကြောင်း သိရသည်။

ML

## အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းကိုအနိုင်ရရှိပြီး မြန်မာအသင်းခြေစစ်ပွဲအောင်မြင်



**ရန်ကုန် အောက်တိုဘာ ၁၇**

အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက ရှင်းသန့်ဖြူစင်ပြုံး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည့်အတွက် အဓိက ကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ကာ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုံးက မြန်မာအသင်းအတွက်ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် မြန်မာအသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံးအပြန်အလှန်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် မြန်မာအသင်းက ရှင်းသန့်ဖြူစင်ပြုံး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုနှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ပြီး ၅ မှတ် ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည့်အတွက် လာမည့် ၂၀၂၆ ခုနှစ်အတွင်း တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

STA

## ဒဏ်ရာပြဿနာကြောင့် Japan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ အိုဆာကာ နုတ်ထွက်

**အိုဆာကာ အောက်တိုဘာ ၁၇**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပနေသည့် Japan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ်အိုဆာကာနှင့် ရိုမေးနီးယားတင်းနစ်မယ် ခရစ္စတီယန်တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သော်လည်း အိုဆာကာသည် ဒုတိယအဆင့်တွင် အနိုင်ရခဲ့စဉ်က ရရှိခဲ့သော ဒဏ်ရာကြောင့် ကွာတားဖိုင်နယ်အဆင့်အား ဝင်ရောက် ကစားနိုင်ခြင်းမရှိတော့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုဆာကာသည် ဒုတိယအဆင့်တွင် နယ်သာလန်တင်းနစ်မယ် လာမန်းအား အနိုင်ရခဲ့သည့်ပွဲစဉ်၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအခြေအနေကြောင့် အိုဆာကာအတွက် ယခုနှစ် တင်းနစ်ရာသီ ပြီးဆုံးသွားဖွယ်ရှိနေကြောင်း သိရသည်။

အိုဆာကာသည် ဒဏ်ရာပြင်းထန်သည့် အတွက်ကြောင့် အချိန်ယူ၍ ဆေးကုသမှု ခံယူသွားရမည်ဖြစ်ပြီး ရာသီကုန်ထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။

နာမည်ကြီး တင်းနစ်မယ်များဖြစ်ကြသည့် အမ်မာရာဒူကာနူ၊ ကာဆက်ကီနာ၊ စဗစ်တိုလီနာနှင့် ဘာဒိုဆာတို့သည်လည်း ဒဏ်ရာပြဿနာကြောင့် ၎င်းတို့အတွက် ယခုနှစ်တင်းနစ်ရာသီ ပြီးဆုံးသွားပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကြသည်။

အိုဆာကာ၏ အခြေအနေနှင့် ပတ်သက်ပြီး Japan Open တင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက "နာအိုမီအိုဆာကာဟာ ဒုတိယအဆင့်မှာ ရခဲ့တဲ့ ဘယ်ဘက်ခြေထောက် ဒဏ်ရာဟာ သက်သာလာခြင်း မရှိတဲ့အတွက်ကြောင့် ကွာတားဖိုင်နယ်ကို ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒဏ်ရာကြောင့် ပြိုင်ပွဲကနေနုတ်ထွက်ဖို့ အတွက် အသိပေး လာခဲ့ပါတယ်" ဟု ထုတ်ပြန်ခဲ့သည်။


အိုဆာကာသည် ယခုနှစ်အတွင်း အောင်မြင်မှုရယူနိုင်ခဲ့ခြင်း မရှိခဲ့သလို ပုံစံကောင်းလည်း ပျောက်ဆုံးခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Japan Today
Trs : AZL

## BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မ်စီယန်း ဦးဆောင်ထားနိုင်

**ဆိုးလ် အောက်တိုဘာ ၁၇**

တောင်ကိုရီးယားနိုင်ငံ ဝန်ဂျူဒေသတွင် ကျင်းပနေသည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်စီယန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အမေရိကန်ဂေါက်သီးရိုက်မယ် မက်သရူးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဂျပန်ဂေါက်သီးရိုက်မယ် တာကီဒါနှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျိုးတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကင်မ်စီယန်းသည် ပထမနေ့တွင်လည်း အမှတ်ပေးဇယားကို သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်ထိ လျော့ရိုက်ကာ ဦးဆောင်နိုင်ခဲ့သည်။

ကင်မ်စီယန်းသည် မွေးရပ်မြေတွင် အကောင်းဆုံး စွမ်းဆောင်ပြနေသလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားလာခဲ့သည်။

ပထမနေ့ စွမ်းဆောင်ရည်သည် ချန်ပီယံဆုအား ဆွတ်ခူးနိုင်သည့် စွမ်းဆောင်ရည်မျိုးဖြစ်ပြီး ဒုတိယနေ့တွင် ပထမနေ့ကထက် ရလဒ်ပိုင်း အနည်းငယ်ကျဆင်းခဲ့ရသော်လည်း ဒုတိယနေ့တွင် အကောင်းဆုံး ကစားနိုင်ခဲ့သည့် ပြိုင်ပွဲဝင်များစာရင်းတွင် ပါဝင်ထားနိုင်ဆဲဖြစ်သည်။

ကင်မ်စီယန်းက "တတိယနေ့နဲ့ နောက်ဆုံးနေ့မှာ ဖိအားတွေများလာလိမ့်မယ်။ ဒါပေမဲ့လဲ ကျွန်မတစ်ယောက်တည်း ဖိအားဝင်မှာမျိုးတော့ မဟုတ်ပါဘူး။ ပြိုင်ပွဲဝင်တိုင်း ကျွန်မလိုမျိုးပဲ ဖိအားတွေနဲ့ ရင်ဆိုင်ရမှာပါ။ ဘယ်လိုပဲဖြစ်ပါစေ အရှိတရားကိုတော့ ရင်ဆိုင်ရမယ်။ ပြိုင်ပွဲမှာ ပျော်ရွှင်စွာ ကစားနိုင်ရေးအတွက်ကိုသာ အာရုံစိုက်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အင်တာမီယာမီအသင်းအိမ်ကွင်း၌ အင်္ဂလန်အသင်းလေ့ကျင့်မှုများလုပ်ဆောင်ရန် အက်ဖ်အေနှင့်ဘက်ခမ်းတို့ ဆွေးနွေး




**လန်ဒန် အောက်တိုဘာ ၁၇**

အင်္ဂလန်အသင်း အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ အင်တာမီယာမီအသင်း အိမ်ကွင်းတွင် လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ရန်အတွက် အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) နှင့် အင်တာမီယာမီအသင်း ပူးတွဲပိုင်ရှင်ဘက်ခမ်းတို့ ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေသည်။

မန်ယူအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်က အင်တာမီယာမီအသင်းကို စတင်တည်ထောင်ခဲ့ပြီး အသင်းပူးတွဲပိုင်ရှင်အဖြစ်ရပ်တည်နေသူဖြစ်သည်။

အင်္ဂလန်အသင်းသည် စောစီးစွာ ကမ္ဘာ့ဖလားဝင်ခွင့် ရရှိထားသည့်အတွက် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန် ကြိုးပမ်းနေပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အမေရိကန်နိုင်ငံ၏ရာသီဥတုနှင့် ကိုက်ညီစေရန် ပြိုင်ပွဲမတိုင်မီ အမေရိကန်နိုင်ငံရှိ အင်တာမီယာမီအသင်း အိမ်ကွင်းတွင် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကာလတွင်လည်း အင်တာမီယာမီအသင်း အိမ်ကွင်းကို လေ့ကျင့်ရေးကွင်းအတွက်ပါ အသုံးပြု လိုနေသည့်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လိုနေခြင်းဖြစ်သည်။

အင်တာမီယာမီအသင်း ပူးတွဲပိုင်ရှင်ဘက်ခမ်းသည် အင်္ဂလန်အသင်းဂုဏ်ထူးဆောင်ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝက အင်္ဂလန်အသင်းတွင် ခြောက်နှစ်ထိ အသင်းခေါင်းဆောင်တာဝန်ယူခဲ့ပြီး ပြိုင်ပွဲစုံ ၁၁၆ ပွဲ ကစားခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ဒုတိယပွဲအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ဘာစီလိုနာတိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို အေတီကိုအသင်းက ခေါ်ယူရန်ကြိုးပမ်း

**ဘာစီလိုနာ အောက်တိုဘာ ၁၇**

ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို အေတီကိုအသင်းက ခေါ်ယူရန် ရုတ်တရက် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး လီဝမ်ဒေါ့စကီးသည် အသက်အရွယ်အရ အကျပိုင်း ရောက်လာသောကြောင့် မကြာခဏ ဒဏ်ရာရရှိနေသဖြင့် ဘာစီလိုနာအသင်းက စာချုပ်သက်တမ်းမတိုးတော့ဘဲ ထွက်ခွာခွင့်ပြုရန် ဆုံးဖြတ်ခဲ့သဖြင့် နည်းပြဆီမြွန်နီက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

အေတီကိုအသင်းက လက်ရှိတွင် ကစားသမား၏ဆုံးဖြတ်ချက်ကိုစောင့်ဆိုင်းနေပြီး တိုက်စစ်ပိုင်းတွင် လီဝမ်ဒေါ့စကီးကို ဆိုးလော့နှင့် တွဲဖက်အသုံးပြုသွားမည်ဖြစ်သည်။

အေတီကိုအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ယခင်က ကစားသမား ခေါ်ယူမှုများတွင် ဆက်ဆံရေးကောင်းများ ရှိကြပြီး အေတီကိုအသင်းက တိုက်စစ်မှူး ဒေးဗစ်ဗီလာနှင့် တိုက်စစ်မှူး ဆွာရက်ဇ်တို့ကိုလည်း ခေါ်ယူနိုင်ခဲ့သောကြောင့် လီဝမ်ဒေါ့စကီးကိုလည်း ခေါ်ယူနိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

လီဝမ်ဒေါ့စကီးသည် ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ဒဏ်ရာမကြာခဏ ရရှိနေသော်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ကိုးပွဲတွင် သွင်းဂိုး လေးဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**




# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဇုန်နှင့် ရှမ်းပြည်နယ်ဇုန် တို့ရှိ အားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစား ဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ရှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရခိုင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲအဖြစ် အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်ထိ အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အောက်တိုဘာ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ရှုံးထွက်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ကစားသမားခြောက်ဦးထိ လူစားလဲနိုင်ရေးအတွက် ဥရောပကလပ်များအဖွဲ့ချုပ်နှင့် ပရီးမီးယားလိဂ်ကလပ်အသင်းများ စတင်ဆွေးနွေး

**လန်ဒန် အောက်တိုဘာ ၁၇**

ကစားသမား ခြောက်ဦးထိ လူစားလဲနိုင်ရေးအတွက် ပရီးမီးယားလိဂ်ထိပ်တန်း ကလပ်အသင်းများဦးဆောင်ပြီး ဥရောပကလပ်များအဖွဲ့ချုပ်နှင့် ဆွေးနွေးမှုများ စတင်လုပ်ဆောင် နေကြောင်း သိရသည်။

ဥရောပကလပ်များအဖွဲ့ချုပ်က နှစ်စဉ်ပြုလုပ်သည့်အစည်းအဝေး တစ်ရပ်တွင် ကလပ်အသင်းများ အနေဖြင့် အသင်းကစားသမား စာရင်းမှတ်ပုံတင်ခြင်းကို ၂၅ ဦးမှ ၂၈ ဦးထိ တိုးမြှင့်ခြင်း၊ ပွဲတစ်ပွဲအတွင်း ကစားသမားလဲလှယ်ခွင့် ငါးကြိမ်မှ ခြောက်ကြိမ်ထိ တိုးမြှင့်အသုံးပြုခွင့် ရရှိရေးတို့နှင့် ပတ်သက်ပြီး အလွတ်သဘော ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။




အစောပိုင်းက ဘောလုံးလောကတွင်ကစားသမားလဲလှယ်အသုံးပြုခွင့် သုံးကြိမ်သာ ခွင့်ပြုထားသော်လည်း ပြီးခဲ့သည့်ကိုဗစ်ကာလပြီးနောက်ကစားသမားများ ပွဲပန်းမှုများနှင့် ပွဲစဉ်များ ဆက်တိုက်ကစားရမှုများကြောင့် နိုင်ငံတကာပွဲစဉ်များမှ စတင်ပြီး ကလပ်ပွဲစဉ်များထိ ကစားသမား ငါးဦးထိ လဲလှယ်အသုံးပြုခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကလပ်အသင်းပြိုင်ပွဲများတွင် ကစားသမားခြောက်ဦး လဲလှယ်ခွင့်ရရှိနေသော်လည်း ပုံမှန်အခြေအနေတွင် ရရှိခြင်းမဟုတ်ဘဲ ကစားသမားများ ဦးခေါင်းဒဏ်ရာရရှိမှုနှင့် အခြားအရေးပေါ်ကာလမှသာ ခြောက်ဦးထိလဲလှယ်ရန် ခွင့်ပြုပေးခြင်းဖြစ်ပြီး ပုံမှန်အခြေအနေတွင် ငါးဦးသာ လဲလှယ်ခွင့်ပြုထားခြင်းဖြစ်သည်။

ဥရောပကလပ်များ အဖွဲ့ချုပ်၏ အစည်းအဝေးသို့ ပရီးမီးယားလိဂ်မှ မန်စီးတီး၊ လီဗာပူးအာဆင်နယ်၊ မန်ယူ၊ နော့တင်ဟမ်အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# မြန်မာနေရှင်နယ်လိဂ် ယူ -၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)တွင် Junior Lionsအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနေရှင်နယ်လိဂ်ယူ -၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ Junior Lions အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ -၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် Junior Lionsအသင်းနှင့် သစ္စာအားမာန် အသင်းတို့ကစားခဲ့ရာ Junior Lions အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်နှင့် ၃၃ မိနစ်တွင် သော်ဇင်ကို၊ ၅၃ မိနစ်တွင် သီဟအောင်၊ ၉၄ မိနစ်တွင် ခန့်ဝင်းအောင်တို့က သွင်းယူနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၇၁ မိနစ်တွင် ဇင်ဖြိုးပိုင်၊ မိနစ် ၉၀ တွင် ခန့်ဘုန်းနိုင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် ကောင်းခန့်ဇော်၊ ၇၄ မိနစ်နှင့် ၇၆မိနစ်တွင် ဖြိုးဝေကျော်၊ ၇၈ မိနစ်တွင် ဖြိုးခန့်ငြိမ်းတို့က သွင်းယူနိုင်ခဲ့ကာ ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဇွဲမင်းဘိုတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# တိကျသောအချိန်

ဆူးသစ်

ကျွန်တော်တို့ငယ်ရွယ်စဉ်မှ ကြီးရင့်လာသည်ထိ အချိန်များကိုဖြတ်သန်းခဲ့ကြသည်။ ထိုသို့ဖြတ်သန်းခဲ့ကြသည့် အချိန်များထဲတွင် မိမိဘဝအတွက် ရင်းခဲ့ရသောအချိန်များပါဝင်မည်ဖြစ်ရာ ဘဝတစ်ခုလုံးတွင် မိမိဘာသာအသုံးချခဲ့သော အချိန်က ပိုများမည်မှာအမှန်ပင်။

သို့သော် ရံဖန်ရံခါ၌ မိမိဘဝ၏အကျိုးရှိသော အချိန်များကို သူတစ်ပါးအတွက်ပေးလိုက်ရပြီး ထိုသို့ပေးလိုက်ရသည့်အတွက် မိမိရော အခြားသူပါ အကျိုးတိုးတက်မှုမရှိသည့်အဖြစ်မျိုးလည်းကြုံရ၏။

ကျွန်တော်သည် လူငယ်ဘဝ၊ ဆယ်တန်းအရွယ်မှာ အချိန်ကိုတန်ဖိုးထားသည်ဟု ထင်ခဲ့၏။ သို့သော် မိမိအတွက်သာ တန်ဖိုးထားခဲ့ခြင်းဖြစ်သည်ကို ကျွန်တော် သူငယ်ချင်းတစ်ယောက်နှင့် တွေ့မှ သိမြင်လာရ၏။

သူငယ်ချင်းက ကျူရှင်သွားရန်သူ့အိမ်ကို ဘယ်အချိန်အရောက်လာပါဟုခေါ်သည်။ ကျွန်တော်က အိမ်မှာစာလုပ်ရင်း မထနိုင်သောအခါ သူပြောသည့် အချိန်ထက်နောက်ကျ၍ ရောက်သွား၏။ ထိုအခါ သူငယ်ချင်းသည် ကျွန်တော့်ကို အပြစ်တင်စကားဆို၏။ ကျွန်တော်ကလည်းမှားနေ၍ တောင်းပန်၏။ သူငယ်ချင်းမှာ ကားရှိ၍ ကျူရှင်နောက်မကျသော်လည်း ထိုသို့ဖြစ်ဖန်များသောအခါ ကျွန်တော့်ကိုအချိန်ပေးစောင့်ရသော သူငယ်ချင်းကိုအားနာလာ၏။

ထို့နောက်တော့ သူငယ်ချင်းက ကျွန်တော်နှင့် ပတ်သက်ပြီး အချိန်သတ်မှတ်ချက်လေးတစ်ခုလုပ်ပေး၏။ သူသတ်မှတ်ချိန်ထက် အစောဆုံး ငါးမိနစ်၊ နောက်အကျဆုံး ငါးမိနစ်၊ ထိုအချိန်အတွင်းရောက်အောင်လာရန်၊ မရောက်ပါက မစောင့်တော့ဘဲသွားနှင့်မည်ဟုပြော၍ ကျွန်တော့်မှာ သူငယ်ချင်းချိန်းဆိုသည့်အခါတိုင်းမီစေရန် မိမိလုပ်လက်စကိုဖြတ်ကာသွားရလေသည်။

သည့်နောက်ပိုင်းတွင် ထိုအကျင့်လေးက ကျွန်တော်တို့သူငယ်ချင်းများကြားသို့ ပြန့်ပွားသွားတော့သည်။ ဘယ်သူကချိန်းချိန်း၊ ထိုသို့ချိန်းသည့်အချိန်မတိုင်မီ ငါးမိနစ်နှင့်ရောက်ပြီး ငါးမိနစ်အတွင်း လာချင်လာ၊ မလာလျှင် ကိုယ့်ဘာသာ လုပ်စရာရှိသည်ကို ဆက်လုပ်ကြတော့သည်။ ထိုအကျင့်ကို စသတ်မှတ်သောသူငယ်ချင်းက သူကိုယ်တိုင်လည်းလိုက်နာ၍ ကောင်းသောအကျင့်လေးသဖွယ် ကျွန်တော်တို့သူငယ်ချင်းအုပ်စုကြားမှာ တည်ရှိလာသည်။

ဆယ်တန်းအောင်၍ တက္ကသိုလ်တက်သည့်အချိန်မှာတော့ ကျွန်တော်ဝဋ်ပြန်လည်ပါတော့သည်။ ဘယ်နေ့ ဘယ်နေရာ၊ ဘယ်အချိန်တွေ့မည်ဟု သေသေချာချာမှာသည်။ အရေးကြီးကိစ္စ ဘာမျှမရှိပါဘဲ နာရီဝက်လောက်နောက်ကျသူ၊ လုံးဝမလာသူ။ တက္ကသိုလ်က သူငယ်ချင်းများရှိလာရာ ချိန်းသည့်နေရာတွင် အချိန်ပေး၍ ပျင်းရိစွာစောင့်ခဲ့ရသော ကျွန်တော်သည် ဆယ်တန်းတုန်းကသူငယ်ချင်း ကျွန်တော့်ကို စောင့်ခဲ့ရသည်ကိုတွေးကာကိုယ်ချင်းစာလာ၏။

ဆယ်တန်းတုန်းကသူငယ်ချင်းကို ကိုယ်ချင်းစာသည်နှင့်အမျှ တက္ကသိုလ်က ပြောမနာ၊ ဆိုမနာ သူငယ်ချင်းများကိုလည်း စိတ်ပျက်လာ၏။ သူတို့ကို စောင့်ရသည့်အတွက် ကျွန်တော့်အချိန်များပေးလိုက်ရသည်။ သတ်မှတ်ချိန်မီရန် ကျွန်တော်က အူယားဖားယားပြေးလာ၊ လုပ်လက်စတွေထားခဲ့ချိန်မှာ သူတို့က ရောက်လာလျှင်ပြီးရောသဘောနှင့် လာချင်သည့်အချိန်မှ လာခဲ့ကြရာ သူတို့နှင့်သွားမှဖြစ်မည့်ကိစ္စတချို့ ပျက်ခဲ့ရဖူးသည်ထိရှိခဲ့လေသည်။

**❖ အချိန်ကိုလေးစားခြင်းသည်လည်း လူလူချင်းလေးစားမှုကို တိုး၍ဖြစ်စေသည်ဆိုခြင်းကို မမေ့သင့်ပေ။ ယနေ့လူငယ်များကြားမှာ အချိန်လေးစားမှုများရှိကာ တိကျသောအချိန်များထားတတ်လာပါလျှင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ထူး၍ထင်ရှားကာ အောင်မြင်သောလူငယ်များ ဖြစ်လာကြမည်ဟု ဆိုချင်ပါသည်။ လူငယ်အချင်းချင်းလေးစားခံရသူ၊ တစ်နည်းအားဖြင့် ရွယ်တူချင်း လေးစားခံရသူများကို ထိုသူထက်ကြီးသူ၊ ငယ်သူများကလည်း လေးစားမှုပိုလာပါလိမ့်မည်။ ❖**

ထို့နောက်ကြာလာသောအခါ ကျွန်တော်သူတို့ကို အားမနာနိုင်တော့ပါ။ ကျွန်တော့်မှာလည်း ကျွန်တော့်ကိုယ်ပိုင်အသုံးချရမည့် အချိန်များရှိသည်။ နှစ်ဦးနှစ်ဖက်အကျိုးမရှိသည့် ကိစ္စများအတွက် အချိန်ပေး၍ မစောင့်နိုင်။ သူတို့ကိုအချိန်ပေးရသည့်အတွက် ကျွန်တော့်လုပ်စရာများ နှောင့်နှေးခဲ့ရသည့်အဖြစ် တွေ့ရှိလာသည်။

သည်တော့ ချိန်းထားပြီးနောက်ကျသော သူငယ်ချင်းများကိုတွေ့လျှင် "မင်းတို့နဲ့နောက်ဆို စီးပွားရေး လုပ်ဖို့ဘယ်တော့မှမစဉ်းစားဘူး"ဟု ဆိုခဲ့လေသည်။ ထိုအခါ တချို့ကတောင်းပန်၏။ တချို့က အကြောင်းရင်းကို ရှင်းပြ၏။ တချို့ကငြိမ်ခံ၏။ မှားနေသူတွေဖြစ်၍တစ်ကြောင်း၊ မှားလျှင်ဝန်ခံတတ်သူတွေဖြစ်၍တစ်ကြောင်း ကျွန်တော့်ကိုစိတ်ဆိုးသူမရှိကြ။

ထို့နောက်ပိုင်းမှာ သူတို့ဘာသာ သူတို့အချိန်များကို ထိန်းလာကြသည်။ ကျွန်တော့်ကို အချိန်သတ်မှတ်ခိုင်းသည်။ ကျွန်တော်က ဆယ်တန်းတုန်းက သူငယ်ချင်း၏အကျင့်လေးကိုခံယူကာ ခရီးအနီးအဝေးချိန်လျက် အစောဆုံးနှင့် နောက်အကျဆုံး ဆယ်မိနစ်၊ ငါးမိနစ်သတ်မှတ်ပေးသည်။ သည်လိုနှင့် ကျွန်တော့်သူငယ်ချင်းများကြားမှာ တိကျသော အချိန်များအတွက် သတ်မှတ်ချက်အကျင့်လေးတစ်ခု ရှိလာပြီဖြစ်သည်။

"**လောက၌ ကြီးပွားတိုးတက်နေသူ၊ အဆင့်မြင့်နေသူတိုင်းသည် အချိန်ကို တန်ဖိုးထား၍ လေးစားသူများသာဖြစ်ကြသည်။ အချိန်ကို တန်ဖိုးထား၍လေးစားသလောက်လည်း ကြီးပွားတိုးတက် အဆင့်မြင့်ရစမြဲသာတည်း**" ဟု အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)က ဆိုဖူးသည်။

မှန်ပါသည်။ အချိန်ကိုလေးစားသော ဆယ်တန်းတုန်းကကျွန်တော့်သူငယ်ချင်း ဂုဏ်ထူးခြောက်ခုနှင့်အောင်ပြီး ယခုဆရာဝန်ဖြစ်နေပြီ။ ကျန်သူငယ်ချင်းများလည်း လုပ်ငန်းခွင်တွင်အောင်မြင်နေပြီ။

"အပြော၌သေချာခြင်း၊ အပိုမသုံးခြင်း၊ ချိန်းချက်သမျှအတိုင်းမှန်ကန်စွာ အချိန်မီအောင်ပြုလုပ်ခြင်း၊ ကတိကို ပေါ့ဆလွယ်ကူစွာ မထားအပ်ခြင်း၊ ထားမိသော ကတိကိုမပျက်စေခြင်း၊ တာဝန်ကျေပွန်ခြင်း၊ မဟုတ်မမှန်မပြုခြင်း၊ ဤအချက်များသည် လူကြီးလူငယ်များ၏ လေးစားခြင်းကို ဖြစ်စေလေသည်" ဟု ဆရာကြီး ပီမိုးနင်းက "ကြီးပွားလိုလျှင်" စာအုပ်တွင်ဆိုပါသည်။

သေချာပါသည်။ ကျွန်တော်နှင့်သူငယ်ချင်းများကြား အချိန်ကိုဂရုမပြု၊ တန်ဖိုးမထားစဉ်က တစ်ယောက်နှင့်တစ်ယောက် အထင်ကြီးခြင်းမရှိကြပါ။ တိကျသောအချိန်များကို ထားတတ်လာမှ စိတ်ထဲက "ဒီကောင်မဆိုးဘူး" ဟုမှတ်ချက်ချကာ လေးစားလာကြခြင်းဖြစ်သည်။ ယနေ့ထိ ထပ်မံတွေ့ရှိရသော သူငယ်ချင်းများကြား မလေးစားမှုများ တွေ့လာသောအခါတွင်လည်း သူတို့တွေနှင့်လုပ်ရမည့် အရေးမကြီးသောကိစ္စမျိုးကို ကျွန်တော်လွှဲရှောင်လိုက်သည်။ မလုပ်မဖြစ်ကိစ္စမျိုးတွင်လည်း သူတို့ကို စောင့်မနေဘဲ ကျွန်တော့်ဘာသာလုပ်လိုက်ပါတော့သည်။

သို့သော် စိတ်ထဲကတော့ ရွယ်တူချင်း လေးစားမှုမရှိတော့ပါ။ အချိန်ကိုမတိကျသူများကို ရွယ်တူချင်းမှမဟုတ်၊ ငယ်သူကြီးသူကလည်း လိုလား၊ လေးစားမှာမဟုတ်ပါ။ အရာရှိများဖြစ်က လက်အောက်ငယ်သား၏ ငြိုငြင်မှု၊ ဆရာဖြစ်က တပည့်၏ ငြိုငြင်မှုစသည်ဖြင့် ခံရပါတော့သည်။ မိမိအချိန်ကိုလေးစားသလို၊ သူများအချိန်ကိုလည်း လေးစားမှလူတိုင်း လေးစားပေမည်။

တွေးကြည့်စေချင်ပါသည်။ မိမိလုပ်ချင်တာလုပ်ရန် သူများကမိမိအတွက် အချိန်ပိုပေးလိုက်ရသည်။ စိတ်ရှည်သည်းခံပေးရသည်။ သည်းခံရသည်က ကိစ္စမရှိသော်လည်း အချိန်ပိုပေးရသည်က ကိစ္စရှိပါသည်။ မိမိအတွက်ယူလိုက်သောအချိန်သည် အကျိုးရှိသည်ဖြစ်ပါစေ သူကမိမိအတွက် အသားလွတ်စောင့်နေရခြင်းကတော့ အကျိုးမရှိနိုင်ပါ။ ဆောင်ရွက်ရမည့်ကိစ္စကို ဆောင်ရွက်သင့်သည့်အချိန်မှာ ဆောင်ရွက်ပြီးမှသာ အကျိုးရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

နှစ်ဦးစလုံးဆုံတွေ့ပြီး ဆောင်ရွက်ပြီးမှ သူရော မိမိပါ အကျိုးရှိမည့်ကိစ္စဖြစ်စေ၊ မိမိမပါဘဲ သူ့ဘာသာ လုပ်လည်း အကျိုးရှိမည့် ကိစ္စဖြစ်စေ ချိန်းထားပါက တိကျခြင်းက အကောင်းဆုံးပင်။ ဆယ်တန်းတုန်းက ကျွန်တော့်သူငယ်ချင်းက ကျွန်တော်စာလုပ်သည့် အချိန်ကို သူ့အချိန်ပေး၍ စောင့်ခဲ့သည်ဆိုခြင်းမှာ သေသေချာချာပြန်တွေးလေ ကျွန်တော်ကအနိုင်ယူခဲ့မှု၊ အတ္တကြီးခဲ့မှုတစ်ခုဖြစ်သည်။ ဒါတောင် ကျွန်တော့်ဘက်က အကျိုးရှိသည့်(မိမိယူလိုက်သည့် အချိန်က အကျိုးရှိသော) ကိစ္စမျိုးဖြစ်နေသေး၍ တစ်ဖက်ကသူငယ်ချင်းက အပြစ်တင်ရုံအပြင် ဘာမျှမဖြစ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်ဘာသာ လုပ်ချင်တာလုပ်ပြီး၊ အကျိုးမရှိသည့် (မိမိဘက်က အကျိုးမရှိသော) ကိစ္စမျိုးဆိုလျှင်တော့ စောင့်ရသူသူငယ်ချင်းများက မုန်းတီးနာကြည်းမည်မှာ ကျိန်းသေပင်။ တက္ကသိုလ်က သူငယ်ချင်းများ ချိန်းထားရာကိုနောက်ကျရောက်လာချိန် သူတို့ဘာလုပ်နေသလဲမသိခဲ့သည့် ကျွန်တော်ပင် သူတို့နှင့်တွဲ၍စီးပွားရေးမလုပ်ဟု စိတ်နာစွာပြောခဲ့မိသည်။

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လေးစားသည်ဆိုသော ကိစ္စရပ်များတွင် လေးစားစရာကောင်းသောအခြေအနေမျိုးရှိမှ ဖြစ်ပေမည်။ အချိန်ကို လေးစားခြင်းသည်လည်း လူလူချင်းလေးစားမှုကို တိုး၍ဖြစ်စေသည်ဆိုခြင်းကို မမေ့သင့်ပေ။

ယနေ့လူငယ်များကြားမှာ အချိန်လေးစားမှုများရှိကာ တိကျသောအချိန်များထားတတ်လာပါလျှင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ထူး၍ထင်ရှားကာ အောင်မြင်သော လူငယ်များ ဖြစ်လာကြမည်ဟု ဆိုချင်ပါသည်။ လူငယ်အချင်းချင်း လေးစားခံရသူ၊ တစ်နည်းအားဖြင့် ရွယ်တူချင်း လေးစားခံရသူများကို ထိုသူထက်ကြီးသူ၊ ငယ်သူများ ကလည်း လေးစားမှုပိုလာပါလိမ့်မည်။

ဤသို့ဆိုလျှင် စက္ကန့်နှင့်အမျှရွေ့နေသော အချိန်များကြားမှာ အကြောင်းကိစ္စတစ်ခုကြောင့် အချိန်တစ်ခုကို အတိအကျကန့်သတ်၊ သတ်မှတ်လိုက်ပြီဆိုလျှင် ထိုအချိန်အတိုင်း အတတ်နိုင်ဆုံး ဆောင်ရွက်နိုင်ရန် တိကျသောအချိန်များကို လေးစားလျက် အောင်မြင်မှုဆီ ရှေးရှုသောလူသားအသွင်ဖြင့် ရှေ့ဆက်ကြည့်ကြပါစို့။


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံး ဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services Senior General Min Aung Hlaing receives representatives of EAOs, who attended the Peace Conference

## All must work with Union Spirit, as national peace and stability are important



Senior General Min Aung Hlaing receives representatives of EAOs, who attended the Peace Conference.

**Nay Pyi Taw October 17**

Representatives of EAOs, who attended the Peace Conference paid a courtesy call on Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services Senior General Min Aung Hlaing at the parlour of Bayintnaung Villa in Nay Pyi Taw this morning.

Also present were SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, SSPC Secretary Joint Executive Chief General Ye Win Oo, Chairman of Union Peace Dialogue Joint Committee Lt-Gen Yar Pyae, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, and senior military officers from Office of Commander-in-Chief. Peace Conference attendee EAOs representatives, Chair of ALP Saw Mra Raza Lin, DKBA Adjutant General Saw Sein Win, Vice Chair of KNU/KNLA-PC Dr Naw Kapaw Htoo, Chair of LDU Kya Salmon, NMSP Central Committee member Naing Banya Mon, Secretary 1 of RCSS Sao Sai Ngin and Central Executive Committee member Sao Hsaung Han, NCA signatories, U Khon Okka and U Myo Win, and EAO representatives attended the meeting.

In his greetings, the Senior General said the State and Tatmadaw warmly welcome all EAO representatives, who attended the NCA 10th Anniversary with pleasure. He said he had already pointed out the requirements at the anniversary. The NCA is based on the demands of national races after holding talks with them. Although efforts were made in the past to fully realize the NCA, there were delays due to various reasons during the time of the second democratic government. When the government in office took the responsibilities, some EAOs halted the peace negotiations as Tatmadaw was shouldering the duties of the State. It is required to implement the peace process at the earliest time.

During the interim periods meetings between the Senior General and EAOs or between the Senior General's representative and EAOs were held. The Senior General said he has already approved the proposals in connection with the amendment of the Constitution as he understands that according to the era the Constitution needs some adjustments. Hence meetings were held with responsible officials and discussed the issue of constitutional amendment, but it needs Hluttaw's approval. The Senior General thanked all for rendering cooperation to speed up the NCA implementation process.

EAO representatives cordially discussed the matters relating to their participation in the internal peace process as they are NCA signatories, their continued involvement in national progress and peace and stability, their firm stance to march on the NCA path under the Tatmadaw's leadership, all-round cooperation for the success of free and fair multiparty democracy election, which plays an important role in the peace process, continued participation in the peace negotiations, cooperation with the government elected by the election in the peace process and regional development undertakings.


In his discussions, the Senior General said an elected government and the Hluttaw are the requisites for the continued implementation of NCA. Originally, the NCA was signed by the Hluttaw, government, Tatmadaw, political parties and EAOs. Involvement of all the organizations that took part in the NCA process is needed. Hence, the government is striving to successfully hold the election, and it is important that it must be free and fair and upright. Work is in progress to ensure that the voter list is free from errors, that all eligible voters can cast ballots, and that the Myanmar Electronic Voting Machine (MEVM) to prevent vote rigging.

The NCA is based on the 2008 Constitution, which is the highest of the laws at present. Constitutional amendments will be made at the parts that are modifiable. Although a democracy system will be exercised, it must be suitable with the country and the same goes to the federal system. Although there are differences, the government will bring the best through coordination. As the people demanded a multiparty democracy path for the country, the Tatmadaw steered the country on it. In doing so, efforts are being made to build a Union based on democracy and federalism.

*See Page 13*



Senior General Min Aung Hlaing presents a commemorative gift to an EAO representative.



Senior General Min Aung Hlaing presents a commemorative gift to an EAO representative.

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing attends the ceremony to mark the Hindu festival of Deepavali






Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy performances at the ceremony to mark the Hindu festival of Deepavali.

**Nay Pyi Taw October 17**

A ceremony to mark the Hindu festival of Deepavali jointly organized by the Myanmar India Friendship Association (MIFA) and Hindu communities residing in Myanmar, took place at the National Theatre on Myoma Kyaung Road in Dagon Township this evening, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

Also, present at the ceremony were his wife Daw Kyu Kyu Hla, Commission Secretary and Joint Executive Chief General Ye Win Oo and his wife, commission members, Union ministers and their wives, ambassadors from foreign embassies to Myanmar, heads of embassies, senior military officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command, officials from associations, people from Hindu communities, Hindu traditional cultural troupes and guests.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and his wife were welcomed by officials. Next, the Yangon Region Chief Minister, the Charge d'Affaires of the Indian Embassy to Myanmar and those from Hindu communities cut the ribbon to inaugurate the Mingala archway of the Deepavali festival. They then blew Hindu traditional music and released hot-air balloons.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and his wife were welcomed with the Hindu traditional oil lamps and fragrance, and those from the ceremony prayed Pur Kumbham of Hindu traditions. The Acting President and SSPC Chairman of the Republic of the Union of Myanmar pressed the button to launch the ceremony and posed for documentary photos together with the attendees.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and his wife and party visited the Myanmar-India friendship and business booths, and booths of Hindu communities.



Senior General Min Aung Hlaing accepts a commemorative gift.



Senior General Min Aung Hlaing and Daw Kyu Kyu Hla attend the ceremony to mark the Hindu festival of Deepavali.

At the second session of the ceremony, the Acting President and SSPC Chairman of the Republic of the Union of Myanmar and his wife, the Charge d'Affaires ai of the Indian Embassy and his wife, and officials ignited the oil lamps to mark the Deepavali festival. The Charge d'Affaires ai of the Indian Embassy and his wife decorated the Acting President and SSPC Chairman of the Republic of the Union of Myanmar and his wife with the Mingala shawl and garlands. The Acting President and SSPC Chairman of the Republic of the Union of Myanmar and the Charge d'Affaires ai of the Indian Embassy exchanged commemorative gifts and had documentary photos taken.

The Secretary of Myanmar-India Friendship Association and his wife also decorated the Charge d'Affaires ai of the Indian Embassy and his wife with the Mingala shawl and garlands.

Speaking on the occasion, the Acting President and SSPC Chairman of the Republic of the Union of Myanmar expressed the purpose of attending the Deepavali festival of Hindu traditions. He said that the Deepavali is a traditional festival of lights highly revered by Hindus. The term "Deepavali" combines the words "Deepa," meaning light, and "Avali," meaning row or line — thus, Deepavali signifies "a row of lights", symbolizing the lighting of oil lamps in worship and celebration. According to tradition, the origin of the Deepavali festival dates back to the time when the revered King Rama defeated King Ravana and returned victorious to Ayodhya, a royal city that had never lost a war. As his return took place on a dark night during the new moon of the Thadingyut period, the people lit rows of oil lamps to welcome and honour King Rama. Hence, the Deepavali festival began from this occasion.

The lighting of oil lamps symbolizes the dispelling of darkness and the arrival of light—representing the triumph of good over evil and the restoration of hope and brightness. With these beliefs, people light oil lamps as an act of worship and faith. For Hindus, Deepavali is regarded as an auspicious day. Beginning new ventures or closing old accounts and opening new ones on this day will bring success as expected. They also hold the belief that the celebration of this Deepavali festival of lights will usher in better conditions and greater prosperity for the country from this time onward.

Myanmar is a nation where various ethnic groups and diverse religious beliefs coexist. According to the Constitution, all citizens residing in the country are granted equal rights and the freedom to profess and practise their respective religions. *See Page 13*




The ribbon being cut to inaugurate the Mingala archway of the Deepavali festival.

*From Page 12*

Therefore, it is very important that people celebrate their religious festivals meaningfully in accordance with their faith and traditions.

He stated that it is necessary for people of different faiths to live together harmoniously, guided by the Four Sublime States (Brahma Viharas): loving-kindness, compassion, sympathetic joy, and equanimity. Following the saying, "Unity leads to success," he mentioned that sound fundamental principles have been established for multi-faith coexistence, including mutual respect among all religions and their followers for peaceful cohabitation, aiding and care to those suffering from religious or social conflicts, and addressing religion-related grievances in accordance with the law.

He stated that as everyone grew up together on this motherland, each person must respect the religious beliefs of others. He stressed that irrespective of ethnicity or religion, all who share this land, water, and air of Myanmar must cultivate the Union Spirit. Building on this spirit and mutual goodwill, he urged everyone to work together for the benefit of Myanmar.

He stated that for the benefit of the State and the ethnic populace, they will begin holding a free and fair multi-party democracy general election starting on December 28 to enable the State to return to the path of multiparty democracy desired by the people. Following the election, he added that they will proceed to hand over State duties to the resultant government in accordance with democratic norms, and he called on all organizations to work towards the election's success, bearing in mind the nation's interests.

He wished to express his gratitude to the Myanmar-India Friendship Association, the Indian Embassy in Myanmar, the Myanmar-India Chamber of Commerce, and all Hindu community organizations for successfully organizing this auspicious Festival of Lights (Deepavali) celebration for the Hindu community. He concluded his speech by offering a prayer that, starting with this Deepavali festival, all citizens may share love, respect, understanding, and forgiveness toward one another, leave behind the unpleasant past, and join hands to strive for peace and prosperity in the future of the nation and the world.

Next, the Chargé d'affaires of the Indian Embassy in Myanmar delivered a commemorative speech, and the Chairman of the Deepavali Festival Organizing Committee and the President of the Myanmar-India Friendship Association each offered words of thanks.

Following this, the Senior General and his wife, along with the attendees, were entertained by various performances, including a medley of Hindu traditional dances, ethnic group traditional dances, and Myanmar traditional dances, presented by the Myanmar-India Traditional Cultural Dance Troupe, the Hindu Traditional Cultural Dance Troupe, and the cultural troupe from the National University of Arts and Culture (Yangon). After the performances, the Senior General and his wife, together with the Chargé d'affaires of the Indian Embassy in Myanmar and his wife, presented commemorative floral baskets to honor the cultural troupes.

After the ceremony, the Senior General and his wife, along with the members, cordially greeted the attending Hindu community members and Hindu traditional cultural troupes. 100

*From Page 11*

As the address delivered by the Senior General at the NCA anniversary, all must give priority to what should be done over desires. **Especially, all must work with Union Spirit, as national peace and stability are important**. Tatmadaw is totally against separation, and it observes and protects Our Three Main National Causes in all seriousness. Although minority views must be emphasized, all must respect and follow the majority wish. Doing what should be done, in fact, is serving the national interest.

The country hasn't enjoyed the fruits of independence since it regained independence. Myanmar is far behind the countries with area, population and economic foundation almost the same as it. Hence, continued efforts are needed for the good of the country.

After the meeting, Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing presented commemorative gifts to EAO representatives and posed for documentary photos.

100

# Plan underway to grow more than 22,000 acres of green gram in Kanbalu Township this year

**Kanbalu October 17**

According to the township Agriculture Department, local farmers will grow more than 22,000 acres of green gram as cold season crops in Kanbalu Township of Sagaing Region this year.

For the 2025-2026 winter crop season, plans have been made to cultivate 22,500 acres of green gram in Kanbalu Township. The crop will be sown from October through December this year.

"This year, during the winter crop season, more than 22,000 acres of green gram are planned for cultivation in Kanbalu Township. Efforts will be made to fully achieve the target acreage. Green gram cultivation has been improving year by year. Regarding green gram, awareness activities will be carried out to encourage expansion of cultivation and the use of quality, pure seeds to ensure good yields," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the Township Department of Agriculture will provide farmers with awareness programs on using quality and locally suitable seed varieties, maintaining seed purity, adopting proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving yields.

During this year's monsoon crop season, efforts were also made in cooperation with farmers to ensure both quality and high yields of pulses by providing quality seeds, necessary inputs, and post-harvest technologies. 206

# Moody's keeps Israel's credit rating unchanged, says Gaza ceasefire positive but risks remain

**Jerusalem October 17**

Moody's Ratings has kept Israel's sovereign credit rating unchanged, saying the Gaza ceasefire agreement is credit positive but that the country remains exposed to significant risks.

The deal should allow policymakers to refocus on economic recovery and fiscal consolidation, the agency said in a report.

"However, any meaningful benefit to Israel's credit profile would come only after sustained progress beyond the initial phase," Moody's analysts wrote, warning that later stages of the ceasefire would be increasingly difficult to achieve.

"Risks remain high that the deal will not be fully implemented, which could result in the ceasefire breaking and renewed military conflict in Gaza," the report said.

Moody's added that longer-term credit benefits for Israel and the wider Middle East will depend on improved regional security, post-conflict reconstruction and governance in Gaza, the resumption of shipping through the Suez Canal, and reduced tensions between Israel and Iran. Xinhua

# Trump to discuss Putin call with Zelensky

**Washington October 17**

US President Donald Trump and Ukraine's Vladimir Zelensky have begun talks at the White House. The meeting is taking place after Trump held a phone call with Russian President Vladimir Putin on Thursday, in which the two leaders agreed to have a summit meeting in Budapest, Hungary.

The Ukrainian leader arrived in Washington on Friday at the head of a large delegation. After welcoming Zelensky, Trump told reporters that his call with Putin will be high on the agenda: "We had a big call yesterday, as you know, with President Putin, and we'll be talking about it."

Trump added that the two will discuss providing Ukraine with new weapons, while acknowledging that this could escalate the conflict.

"We're going to be talking about that… It's an escalation, but we'll be talking about that," he said.

Zelensky earlier asked Trump to supply Kiev with Tomahawk cruise missiles capable of striking targets up to 2,500 kilometers (1,550 miles) away, meaning they could potentially reach Moscow and far beyond.

Russia earlier warned that supplying Tomahawks would "not change the situation on the battlefield," but would "severely undermine the prospects of a peaceful settlement" and harm US-Russia relations.

Pivoting to a potential dialogue to end the conflict, Trump said there is a lot of "bad blood" between Putin and Zelensky, and this is holding up a settlement. He added that the Budapest summit would most likely be a "double meeting," with Zelensky being in touch.

RT

# Tatmadaw columns regain control of Hsipaw Town, temporarily dominated by terrorist insurgents

## Travelers and vehicles will once again be able to travel normally along the PyinOoLwin-Nawnghkio-Kyaukme-Hsipaw Union Highway



Recorded photo of Tatmadaw columns retaking control of Hsipaw Town.


Recorded photo of local ethnic people in Hsipaw Town enthusiastically welcoming the victorious Tatmadaw troops.


Recorded photo of the Tatmadaw columns retaking the Basic Education High School in Hsipaw Town.


Recorded photo of the Tatmadaw columns retaking the Sports and Physical Education Department in Hsipaw Town.

**Nay Pyi Taw October 17**

On October 1, 2025, Tatmadaw columns, with the full support and assistance of the local ethnic people in various ways, recaptured and regained control of Kyaukme Town, a major district town in Shan State (North), from the TNLA terrorist armed organization. Following this, preparations were made to continue advancing towards Hsipaw Town, another town in Northern Shan State located 28 kilometers from Kyaukme, and to conduct counter-terrorism operations in a short time. Subsequently, the heroic Tatmadaw columns, without giving respite to the TNLA terrorist insurgents who were retreating in disarray from Kyaukme towards Hsipaw, deployed columns starting from October 2, 2025, and continued to wage clearance operations.

In the course of operations to retake Hsipaw Town and its surrounding areas by deploying columns, the following locations, which were hideouts for the terrorist insurgents, were successively captured: On October 2 – Saingkhaung Village, Nawng Pein Lay Village, Zotikone Village, Namhu Taung (Lower), Namhu Taung (Upper), and Panhak Village; On October 3 – Kyaukme Gyi Village; On October 4 – khotin Village, Point-947 Hill, and Panhok Village; On October 5 – Narkhaw Village, Khemon Village, and Bukhar Village; On October 6 – Lwe Khaw Village; On October 9 – Chaung Chauk Village; and On October 10 – Nawng Ang Village and an enemy camp hill near that village.

Simultaneously, Tatmadaw columns tactically established a foothold by crossing the fast-flowing Namhpan Si stream, which is about 110 feet wide and 12 feet deep, with a flow rate of about 1.5 miles per hour, from a direction unexpected by the enemy. They persevered in crossing the stream and pursued and annihilated the terrorist insurgents, successfully recapturing the following areas: On October 12 – Tein Kham Village and Ngon Hsai Village; On October 13 – Mulay Village, Yaypu Village, Lawnghkun Village, and Ponfan Village; On October 14 – Manlwe Village and the area around Kyinthi Village; On October 15 – Bawkyo Village, Kawngkhar Village, and Narhke Village; and On October 16 – via Hkar Lein Khar Lway Village, they regained control of Hsipaw Toll Gate.

While progressively clearing and capturing one location after another, and as the Tatmadaw columns reached near Kyinthi Village, the TNLA terrorist insurgents were viciously preparing to mine and destroy the Kyinthi Bridge, a 200-foot long and 28-foot wide bridge crossing the fast-flowing Namhpan Si stream between Kyaukme and Hsipaw towns. The Tatmadaw columns arrived in time, preventing the complete destruction of the bridge. The insurgents retreated in disarray after partially destroying it with explosives and also creating obstacles with mines along the route to disrupt transportation.

*See Page 15*


Well-wishers in the entire country are donating cash awards, food and necessary items for Tatmadawmen.



Hsipaw Hotel on fire after being set ablaze by terrorists.



Recorded photo of terrorist insurgents setting fire to and destroying the prison in Hsipaw Town.

*From Page 14*

Consequently, combat engineers from the Tatmadaw columns systematically cleared the mines laid by the terrorist insurgents to prevent harm to local ethnic civilians and collaborated with relevant authorities to repair the damaged sections of the bridge overnight. The Tatmadaw columns closely pursued and annihilated the retreating terrorist insurgents.



Security force members conducting mine clearance operations.



Recorded photo of terrorists laying mines at the Kyinthi Bridge.

Furthermore, when the Tatmadaw columns reached the Hsipaw Toll Gate, the TNLA terrorist insurgents had set fire to government buildings and public properties inside Hsipaw Town before fleeing. The Tatmadaw columns quickly entered the town to clear it and carried out firefighting operations to prevent the fire from spreading to other buildings, along with conducting town security operations. By the evening of October 16, the Tatmadaw had completely regained control of Hsipaw Town. Similarly, Tatmadaw columns arriving near Hsipaw Town are closely pursuing and annihilating the terrorist insurgents, who are demoralized and retreating in disarray north of Hsipaw Town, while also carrying out area domination operations.

During the 16-day operation to retake the 34-kilometer distance through phased attacks and control, there were 7 major battles and 21 skirmishes, totaling 28 engagements. From the enemy, 13 bodies were recovered, and 7 weapons, ammunition, and related materials were seized.

Regarding the TNLA terrorist insurgents, as the Tatmadaw has successfully recaptured Hsipaw Town, which is part of their illusory dream of obtaining a Palaung State, their fantasies have become more distant than ever. Their morale has severely deteriorated, from the leadership down to almost every armed individual under them, and they are retreating in disarray. Some members of the terrorist insurgent groups are making contact with nearby Tatmadaw columns to surrender.

When TNLA terrorist insurgents fled from Hsipaw, they torched departmental buildings, which are not military targets, including Myanmar Prisons Department, office of General Administration Department, Land Record Office, the Hsipaw Hotel and houses of the public brutally and despicably in the same way as they had done in Nawnghkio and Kyaukme in line with their terrorist tactics. Under their temporary control of the town, they attacked Tatmadaw columns by building bunkers near departmental buildings, hospitals and houses in towns and villages and using the public properties of local residents as defence walls and looted the valuables, foodstuffs and household items by breaking into houses and shops of local residents.

Moreover, as the terrorist insurgents despicably blew up large and small roads and bridges used for transportation by the public including a landmark of Myanmar and world famous ancient railroad, Gokteik Viaduct and Goktwin bridge and blocked roads along their retreat route during battles with Tatmadaw columns, Tatmadaw columns and departmental staff are repairing them and removing blockades with the use of manpower and machinery.

As the Tatmadaw managed to recapture Hsipaw, local residents greeted Tatmadaw columns warmly and energetically with victorious sprigs of Eugenia and garlands.

In the same way as the Tatmadaw has carried out rehabilitation tasks in Nawnghkio and Kyaukme, measures will be taken to allow local ethnic residents who were temporarily displaced from Hsipaw to resettle in their homes, to lead peaceful lives, to resume government mechanism and to reopen schools, hospitals/clinics as soon as possible and tasks for social development of local residents can be carried out, local ethnic residents are glad while people from the entire country are proud of the victories of the Tatmadaw and donate cash awards, foodstuffs and utensils, which are directly delivered into the hands of frontline personnel by responsible officials.

In addition, the public is glad that commodity flow and transportation along Pyin Oo Lwin-Nawnghkio-Kyaukme-Hsipaw Union Highway will be smooth and regional development tasks can be carried out as Tatmadaw columns managed to recapture Hsipaw and Myawady TV crew of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) has proudly announced together with frontline Tatmadaw personnel the good news of recapturing Hsipaw.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားသို့ရောက်ရှိလာရာ ဟိန္ဒူရိုးရာဆီမီးနံ့သာဖြင့် ကြိုဆိုကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း (MIFA)နှင့် မြန်မာနိုင်ငံတွင်မှီတင်းနေထိုင်ကြသော ဟိန္ဒူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားမင်္ဂလာမုခ်ဦးကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများလွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ကို ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြပြီး ဟိန္ဒူရိုးရာ တစ်ခုဖြစ်သည့် မွန်မြတ်ပြီး မင်္ဂလာရှိသော ဟိန္ဒူရိုးရာ Pur Kumbham (ပုရ်ဏကုမ္ဘမ်) ဖြင့် ဆုတောင်း ကြိုဆိုဂါရဝပြုကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ပြခန်းများ၊ စီးပွားရေးလုပ်ငန်းပြခန်းများနှင့် မျိုးနွယ်စုများ၏ ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့်ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယချစ်ကြည်ရေး အသင်း အတွင်းရေးမှူးနှင့်ဇနီးတို့က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့်ဇနီးတို့ကို မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဟိန္ဒူရိုးရာ ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များအတွက်အမြတ်ထားသည့် ရိုးရာမီးထွန်းပွဲတော်ဖြစ်ကြောင်း၊ "ဒီပ" ဆိုသည့်မီးအလင်းရောင်နှင့် "အာဝလိ"ဆိုသည့် စီတန်းခြင်းဆိုသည့် အဓိပ္ပာယ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ဒီပါဝလီဆိုသည်မှာ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ဟု သိရှိရကြောင်း၊

ဒီပါဝလီပွဲတော် စတင်ဖြစ်ပေါ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒသဂီရိမင်းကိုနှိမ်နင်းပြီး စစ်ပွဲမှန်သမျှ ဘယ်သောအခါမှအရှုံးမရှိသည့် အယုဒ္ဓယနေပြည်တော်ကို ပြန်လည်ဝင်ရောက်လာသည့်အချိန်သည် သီတင်းကျွတ်လကွယ် မှောင်မိုက်နေသည့် ညအချိန်အခါဖြစ်သဖြင့် ဆီမီးများထွန်းညှိပြီး ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော် စတင်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသိရှိရကြောင်း။

ဆီမီးပူဇော်ခြင်းအားဖြင့် အမှောင်များပျောက်ကွယ်ပြီး အလင်းများရောက်လာသကဲ့သို့ မကောင်းသည်များကွယ်ပျောက်ပြီး ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များ ပြန်လည်ပြည့်ဝလာစေရန်ဆိုသည့် ယုံကြည်ချက်များဖြင့် အခုကဲ့သို့ ဆီမီးပူဇော်ကြခြင်းဖြစ်ကြောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် ဒီပါဝလီနေ့သည် အခါထူးရက်မြတ်ဖြစ်ခြင်းကြောင့် လုပ်ငန်းအသစ်စတင်ခြင်း၊ စာရင်းဟောင်းချုပ်ပြီး စာရင်းအသစ်စတင်ခြင်းများ ပြုလုပ်ပါက မျှော်မှန်းထားသည့်အတိုင်း အောင်မြင်သည်ဆိုသည့် ယုံကြည်မှုများနှင့် ဆောင်ရွက်ကြသည်ကိုလည်း သိရှိရကြောင်း၊ ယခုကျင်းပသည့် ဒီပါဝလီမီးထွန်းပွဲတော်ကြောင့် မိမိတို့နိုင်ငံတွင် ယခုအချိန်ကစပြီး ပိုမိုကောင်းမွန်တိုးတက်သည့် အခြေအနေကောင်းများ ရရှိခံစားနိုင်မည်ဆိုသည်ကို ယုံကြည်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအလျောက် ဘာသာရေးပွဲတော်များကိုလည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး ပြခန်းများ၊ စီးပွားရေးလုပ်ငန်းပြခန်းများနှင့်မျိုးနွယ်စုများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**မြန်မာနိုင်ငံက ပိုင်ဆိုင်သည့် ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့် လူမျိုး၊ မည်သည့် ဘာသာဝင်ပင်ဖြစ်ပါစေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန်လို . . .**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

အနှစ်သာရရှိရှိ ကျင်းပဆောင်ရွက်သွားကြရန် လွန်စွာအရေးကြီးကြောင်း။

မတူကွဲပြားသည့် ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့်ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီးသင့်မြတ်စွာစုစည်းနေထိုင်ရန် လိုအပ်ကြောင်း၊ "စုပေါင်းညီညာ အောင်ကြောင်းဖြာ"ဆိုသည့်စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံက ဘာသာဝင်များအချင်းချင်း အပြန်အလှန် လေးစားပြီး အတူတကွအေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေးပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့်ဆက်နွယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသောကောင်းမွန်သည့် အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**မိမိတို့သည် အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများ ဖြစ်သည့်အတွက် တစ်ဦး၏ ယုံကြည်ရာ ဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက ပိုင်ဆိုင်သည့် ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန်လိုကြောင်း၊ အဆိုပါစိတ်ဓာတ်ကိုအခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြရန်လိုကြောင်း။**

မိမိတို့အနေဖြင့် နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသားမိဘပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်ကို ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် လာမည့်ဒီဇင်ဘာ ၂၈ ရက်မှစပြီး လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စတင်ကျင်းပပေးတော့မည်ဖြစ်ကြောင်း၊ ထို့နောက် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့်အစိုးရကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စေရေး ယခုကဲ့သို့ အဖွဲ့အစည်းအသီးသီးကလည်း နိုင်ငံ့အကျိုးမျှော်ကိုးပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကဲ့သို့ဟိန္ဒူဘာသာဝင်တို့၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ပွဲကို ဦးစီးကျင်းပပေးခဲ့သည့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ မြန်မာ-အိန္ဒိယ ကုန်သည်ကြီးများနှင့် ဟိန္ဒူမျိုးနွယ်စုအသင်းအဖွဲ့များ အားလုံးကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ယခု ဒီပါဝလီပွဲတော်မှစပြီး မိမိတို့နိုင်ငံသားအားလုံး တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး အတိတ်ကမကောင်းသည့် အဟောင်းများကိုချန်ခဲ့ကာ အနာဂတ်နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်တောင်းစကား ပြောကြားလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံက အမှတ်တရစကားနှင့် ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား အသီးသီးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများကို မြန်မာ-အိန္ဒိယရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာ ယဉ်ကျေးမှုအကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့်ဇနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များကို အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူ ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ပေးကြသည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များအားလုံးကို နိုင်ငံတော်နှင့် တပ်မတော်က ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း၊ NCA နှစ်ပတ်လည်အခမ်းအနားတွင် မိမိအနေဖြင့် လိုအပ်သည်များကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ NCA သည် တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များ အပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ NCA ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ရကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့် တပ်မတော်က နိုင်ငံတော်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ဆက်လက်ဆွေးနွေးဆောင်ရွက်မှု မရှိ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မိမိတို့အနေဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း။

ကြားကာလများတွင် မိမိနှင့်သော်လည်းကောင်း၊ မိမိ၏ကိုယ်စားလှယ်အဖွဲ့များနှင့်သော်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့်လည်း သဘောတူညီပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခေတ်ကာလအရပြင်ဆင်ရန် လိုအပ်သည်များရှိသည်ကို မိမိအနေဖြင့် သဘောပေါက်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြင်ဆင်နိုင်ရေး အတွက် ကြိုတင်ဆွေးနွေးသကဲ့သို့ လွှတ်တော်တွင် အတည်ပြုပြင်ဆင်နိုင်ရန် လိုကြောင်း၊ NCA ကိုအရှိန်ပြန်ရလာအောင် လာရောက်ပြီး ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံကောင်းအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များက NCA လက်မှတ်ရေးထိုးထားသည့်သူများဖြစ်သည်နှင့်အညီ NCA လမ်းကြောင်းအတိုင်း နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရေး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ NCA လမ်းကြောင်းပေါ်၌ နိုင်ငံတော်နှင့် တပ်မတော်၏ ဦးဆောင်မှုဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းသွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်သဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အဘက်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့်အခြေအနေများ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဆက်လက်ပါဝင် တက်ရောက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ထွက်ပေါ်လာသည့် အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ ဆက်လက်ပါဝင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးပြောကြားရာတွင် NCA ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရွေးချယ်ခံအစိုးရ၊ လွှတ်တော်ရှိရန်လိုကြောင်း၊ မူလစတင် လက်မှတ်ရေးထိုးစဉ်ကတည်းက လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ NCA တွင် ပါဝင်ခဲ့ကြသည့်အဖွဲ့အစည်းများ အားလုံးပါဝင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မဲမသမာမှုများ ဆောင်ရွက်၍မရနိုင်သည့် မြန်မာ အီလက်ထရောနစ်မဲပေးစနစ်(MEVM)များဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံပြီး NCA ကို ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် လက်ရှိအချိန်တွင် အခိုင်မာဆုံးဖြစ်ကြောင်း၊ အခြေခံဥပဒေအား ပြင်ဆင်၍ရသည်များကို ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်လိုကြောင်း၊ ဖက်ဒရယ်စနစ်တွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကွဲပြားခြားနားမှုများရှိသော်လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်ကာလတွင် ပြည်သူများအနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေး တောင်းဆိုခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း တိုင်းရင်းသားများ၏အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏ NCA နှစ်ပတ်လည်နေ့မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည့်အတိုင်း အားလုံးက ဖြစ်ချင်တာထက် ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို ပိုမိုဦးစားပေးပြီး ဆောင်ရွက်သင့်ကြောင်း၊ **အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းပြည်ခွဲထွက်ရေးကို တပ်မတော်အနေဖြင့် လုံးဝလက်မခံကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် အလေးထားစောင့်ထိန်းလိုက်နာသွားမည်ဖြစ်ကြောင်း၊ လူအနည်းစု၏ သဘောထားကို အလေးထားရမည်ဖြစ်သော်လည်း လူအများစု၏ ဆန္ဒကိုလည်း အားလုံးက လေးစားလိုက်နာရမည်ဖြစ်**ကြောင်း၊ **ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်၊ ဖြစ်နိုင်သည်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း။

**တိုင်းပြည်ခွဲထွက်ရေးကို တပ်မတော်အနေဖြင့် လုံးဝလက်မခံ၊ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် အလေးထားစောင့်ထိန်းလိုက်နာသွားမည်ဖြစ်၊ လူအနည်းစု၏သဘောထားကို အလေးထားရမည်ဖြစ်သော်လည်း လူအများစု၏ဆန္ဒကိုလည်း အားလုံးက လေးစားလိုက်နာရမည်ဖြစ်၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်၊ ဖြစ်နိုင်သည်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်...**

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစတင်၍ ယနေ့အချိန်ထိ လွတ်လပ်ရေး၏အသီးအပွင့်ကို မခံစားရသေးကြောင်း၊ မိမိတို့နိုင်ငံနှင့်အကျယ်အဝန်းအရ၊ လူဦးရေအရ၊ စီးပွားရေးအခြေခံအရ တူညီသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ နောက်ကျကျန်နေကြောင်း၊ ထို့ကြောင့် အားလုံးက တိုင်းပြည်ကောင်းအောင် ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးပဒေသာပင်အလှူငွေများပေးအပ်ပြီး ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ထိုင်းနိုင်ငံရှိ အထင်ကရနေရာများ လှည့်လည်ကြည့်ရှုလေ့လာ



နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့သော ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးနှင့် အုပ်ချုပ်သူများသည် ယမန်နေ့နံနက်ပိုင်းက စင်ကာပူနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံသို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် Chao Phraya River Cruise ဖြင့် မြစ်ကြောင်းတစ်လျှောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ဗန်ကောက်မြို့ Assumption University ၌ တက္ကသိုလ်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် ပို့ချလျက်ရှိသည့် သင်တန်းများကိုလည်းကောင်း၊ ပတ္တာရားမြို့ရှိ Nong Nooch Garden ပန်းခြံအတွင်းရှိ ပြကွက်များနှင့် Museum များကိုလည်းကောင်း၊ ပတ္တာရားကမ်းခြေ၏ သဘာဝအလှများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# “ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၇**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အစီအစဉ်အဖြစ် ‘‘ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း’’ အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ထို့နောက် “NCA ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို သုံးသပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပြန်လည်စုံလင်စွာပါဝင်လာနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုနှင့် ပြဿနာအကြောင်းအရာများအပေါ် ရေတိုရေရှည်ဆောင်ရွက်နိုင်မည့်နည်းဗျူဟာများ ဖော်ထုတ်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ သဘာပတိ ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူ ဦးအောင်နိုင်ဦး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စောမြရာဇာလင်းနှင့် ဦးမျိုးဝင်းတို့က ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက် စကားဝိုင်းအလိုက် ဆွေးနွေးကြပြီး စကားဝိုင်းအလိုက် ကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းအပေါ် သဘာပတိနှင့်ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် သဘာပတိ ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးမှုရလဒ်များစုစည်းချက်ကို တင်ပြခြင်း၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သူ ဦးအောင်မင်းက “ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် KNU/KNLA-PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးနှင့် NCA အသိသက်သေ ဦးဇိုဇမ်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)တို့က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်စကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးခြင်း နှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို သရုပ်ပြရှင်းလင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပထမအကြိမ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar Air Force – Sri Lanka Air Force Air Staff Talks) ကျင်းပ




မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် ပထမအကြိမ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar Air Force – Sri Lanka Air Force Air Staff Talks) ကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel တွင် ပြုလုပ်ရာ တပ်မတော်(လေ)မှ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ)(စက်မှုလက်မှု) ဗိုလ်ချုပ်မျိုးအောင်လတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သီရိလင်္ကာလေတပ်မှ Air Vice Marshal SDGM Silva ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်၊ လေ့ကျင့်ရေး၊ ပညာရေးနှင့် အားကစားကဏ္ဍများတွင် အပြန်အလှန်ထိတွေ့ဆက်ဆံရေး ဆောင်ရွက်နိုင်ရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များအား အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ဆက်လက်၍ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ညပိုင်းတွင် တွေ့ဆုံဆွေးနွေးခြင်း အထိမ်းအမှတ်ညစာစားပွဲကို Chatrium Hotel ၌ တည်ခင်းဧည့်ခံခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲ လာရောက်စဉ်ကာလအတွင်း သီရိလင်္ကာလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City၊ Cathedral of The Immaculate Conception (Catholic Church)၊ ကရဝိက်၊ ကန်တော်ကြီးနှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ပြီး Chatrium Hotel ၌ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က လာရောက်ပြသသော မြန်မာ့ရိုးရာ ဝိုင်းခြင်းနှင့် တစ်ပင်တိုင်ခြင်းအလှပြကစားနည်းများကို အားပေးကြည့်ရှုခဲ့ကြသည်။ ယင်းနောက် သီရိလင်္ကာလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများနှင့် အဆင့်လိုက်ကကွက်ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများက သရုပ်ပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆုရရှိသူများ၊ အကောင်းဆုံးဒိုင်လူကြီးဆုရရှိသူများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဆင့်ပွားဖလားနှင့် တံခွန်စိုက်ဖလားတို့ကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အောက်တိုဘာ ၁၃ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့်သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ရာ အတန်းလိုက်ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်အသီးသီးက လက်ခံရယူကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ "ဇာတိမာန်"သီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရာက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

# ပြည်ပနိုင်ငံတွင်နေထိုင်၍ အကြမ်းဖက်အုပ်စုများနှင့်ဆက်သွယ်ကာ နိုင်ငံတော်ကိုဆန့်ကျင်ပြီး အကြမ်းဖက်အုပ်စုများအား ငွေကြေးထောက်ပံ့မှုပြုလုပ်သူများကို ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ရောက်ရှိနေထိုင်သည့် သူဇာမောင် (ခ) Rashidah Binti Abdul Azeez သည် မလေးရှားနိုင်ငံ၌ မြန်မာမွတ်စလင်ဒုက္ခသည်များကော်မတီ(Myanmar Muslim Refugee Community-MMRC)ကိုဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ ယင်းအဖွဲ့အစည်းမှရရှိသော ငွေကြေးအကျိုးအမြတ်များဖြင့် အကြမ်းဖက်အုပ်စုဖြစ်သည့် NUG အဖွဲ့ကို ငွေကြေးထောက်ပံ့ခြင်း၊ NUG အဖွဲ့အတွက် ရန်ပုံငွေရှာဖွေပေးခြင်းများ ပြုလုပ်ခဲ့သဖြင့် ၎င်းကို မြစ်သားမြို့နယ် မြစ်သားမြို့မရဲစခန်းက (ပ)၁၄၀/၂၀၂၂၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)ဖြင့်အမှုဖွင့်ပြီး မြစ်သားမြို့နယ် တရားရုံးသို့ ယင်းဥပဒေပုဒ်မ ၅၂(က)/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက ရာဇဝတ်အထွေထွေမှုအမှတ် ၉/၂၀၂၃ ဖြင့် လက်ခံစစ်ဆေးပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဖမ်းဝရမ်းထုတ်ဆင့်ခဲ့သည်။



အကြမ်းဖက်အုပ်စုများကို ငွေကြေးထောက်ပံ့မှုပြုလုပ်သူများကို ဖမ်းဆီးရမိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ယခုအခါ သူဇာမောင်၊ ၎င်း၏ခင်ပွန်း စောသန်းတင်ဝင်းနှင့် သားသမီးသုံးဦးတို့သည် မြန်မာနိုင်ငံအတွင်း တရားမဝင်ပြန်လည်ဝင်ရောက်လာစဉ် ဖမ်းဆီးရမိသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ သူဇာမောင်သည် MMRC အဖွဲ့ကို ဖွဲ့စည်းပြီး UNHCR နှင့် NGO/INGO အဖွဲ့အစည်းများထံမှ အထောက်အပံ့များရရှိရန် ဆောင်ရွက်၍ ရရှိသောအထောက်အပံ့များကို တရားမဝင်ရွှေ့ပြောင်းလုပ်သားများအား MMRCအဖွဲ့မှထောက်ပံ့ကြောင်းလိမ်လည်ကာ အဖွဲ့ဝင်များဖြစ်အောင် စည်းရုံးခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင်ရောက်ရှိလာသူများကို UNHCR ၏ ဒုက္ခသည် အသိအမှတ်ပြုလက်မှတ်ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် ရရှိသည့်ငွေကြေးအကျိုးအမြတ်များဖြင့် ၎င်း၏မိသားစုအကျိုးစီးပွားပြုလုပ်ခြင်း၊ အကြမ်းဖက်အုပ်စုဖြစ်သည့် NUG နှင့် ယင်း၏လက်အောက်ခံများကို ငွေကြေးလှူဒါန်းခြင်း၊ ရန်ပုံငွေရှာဖွေပံ့ပိုးခြင်းများပြုလုပ်ကြောင်း တွေ့ရှိရသည့်အတွက် ၎င်းတို့ကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(မဝ၁)

# အင်ဂျင်နီယာများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တရားမဝင်ဓာတ်အားသုံးစွဲမှုပပျောက်ရေးနှင့် ငွေကြေးအလွဲသုံးစားမှုမဖြစ်ပေါ်စေရေးတို့အတွက် အင်ဂျင်နီယာများလုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် ဌာနကြီးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် ဌာနကြီးမှူးများက သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေးနှင့် ငွေကြေးအလွဲသုံးစားမှုမဖြစ်ပေါ်စေရေးတို့အတွက် တရားမဝင်ဓာတ်အားသုံးစွဲမှုဖော်ထုတ်နိုင်ရေး ထူးခြားဖြစ်စဉ်သတင်းများအရ ရှောင်တခင်စစ်ဆေးခြင်း၊ ဓာတ်အားပျောက်ဆုံးသောနေရာများ လျှော့ချနိုင်ရေးတို့အတွက် စစ်ဆေးရေးဝန်ထမ်းများ ကဦးဆောင်ကြပ်မတ်၍ ကော်ပိုရေးရှင်းနှင့် ဝန်ကြီးဌာန၏အကျိုးကို ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သင်တန်းသား ၁၅ ဦးဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၅၂)



**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာချက်

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ နေအိမ်များ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများပြန်လည်ထူထောင်ရန် နိုင်ငံတော်ကထည့်ဝင်ပံ့ပိုးသောရန်ပုံငွေဖြင့် သုံးနှစ်မှ ငါးနှစ်ထိ သက်တမ်းရှိသည့် ချေးငွေများကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါသည်-

- နေအိမ်နှင့် အဆောက်အအုံပြန်လည်တည်ဆောက်ရေးချေးငွေ(အတိုးနှုန်း ၃ %)
- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSMEs)လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်ရင်းနှီးငွေ၊ စက်ပစ္စည်း၊ ရေ၊ မီး၊ ဆိုလာနှင့် ရင်းနှီးမြှုပ်နှံမှုချေးငွေ (အတိုးနှုန်း ၅ %)
- စက်ရုံလုပ်ငန်းကြီးများ ပြန်လည်ပြုပြင်ရေးနှင့် လည်ပတ်နိုင်ရေးချေးငွေ (အတိုးနှုန်း ၇ %)
- နိုင်ငံပိုင်အခြေခံအဆောက်အအုံများ တာဝန်ယူတည်ဆောက်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ယာယီချေးငွေ(အတိုးနှုန်း ၇ %)

ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် AYA Bank PCL ၊ UAB Bank PCL ၊ CB Bank PCL ၊ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ရိုးမဘဏ်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ Best Merchant Finance Co., Ltd နှင့် Zega Finance Co., Ltd တို့အား ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP)နှင့်အညီ ရွေးချယ်ထားပါသည်။ (SOP အသေးစိတ်အချက်များကို CBM Website www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။)

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအနေဖြင့် ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
(၁၇-၁၀-၂၀၂၅)

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

**( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

**( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

**(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

**( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

**( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

**(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

**( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

**( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၂၁၂၆၈
(၂) ၀၅၂-၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

**(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

**( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

**( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

**( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

**( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆


**(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

**(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့အားပြန်လည်ထိန်းချုပ်






တပ်မတော်စစ်ကြောင်းများက ပေါ်ကြိုဘုရားကြီးအား ပြန်လည်ထိန်းချုပ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျင်သီတံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ ပြည်သူ့ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများအား ဖော်ထုတ်ရှင်းလင်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အလောင်း၊ လက်နက်များ မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းလျက်ရှိသည့် ဆိုင်းခေါင်ကျေးရွာ၊ နောင်ပိန်လေးကျေးရွာ၊ ဖောတိကုန်းကျေးရွာ၊ နမ့်ဟူးတောင်(အောက်)၊ နမ့်ဟူးတောင်(အထက်)နှင့် ပန်ဟက်ကျေးရွာ၊ အောက်တိုဘာ ၃ ရက်တွင် ကျောက်မဲကြီးကျေးရွာ၊ အောက်တိုဘာ ၄ ရက်တွင် ခိုတင်ကျေးရွာ၊ မိုင် ၉၄၇ တောင်ကုန်းနှင့် ပန်ဟုတ်ကျေးရွာ၊ အောက်တိုဘာ ၅ ရက်တွင် နားခေါ်ကျေးရွာ၊ ခဲမွန်ကျေးရွာနှင့် ဖူးခါးကျေးရွာ၊ အောက်တိုဘာ ၆ ရက်တွင် လွယ်ခေါ်ကျေးရွာ၊ အောက်တိုဘာ ၈ ရက်တွင် ချောင်းချောက်ကျေးရွာနှင့် အောက်တိုဘာ ၁၀ ရက်တွင် နောင်အန်းကျေးရွာနှင့် ၎င်းကျေးရွာအနီးရှိ ရန်သူ့စခန်းကုန်းတို့ကို အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် တပ်မတော်စစ်ကြောင်းများသည် ရန်သူထင်မှတ်မထားသည့်နေရာမှ အကျယ်ပေ ၁၁၀၊ အနက် ၁၂ ပေခန့်ရှိပြီး ၁ နာရီ ၅ မိုင်နှုန်းခန့် စီးဆင်းနေသည့် ရေစီးသန်သော နမ့်ပန်စီချောင်းကို စစ်နည်းဗျူဟာမြောက် ပေါင်းကူးခြေကုပ်ရယူ၍ ခဲရာခဲဆစ်ဖြတ်ကူးကာ အကြမ်းဖက်သောင်းကျန်းသူများကို လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် တိမ်းခမ်းကျေးရွာနှင့် ငွန်ဆိုင်းကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင် မူလေးကျေးရွာ၊ ရေပူကျေးရွာ၊ လောင်ခွန်ကျေးရွာနှင့် ပုံဖန်းကျေးရွာ၊ အောက်တိုဘာ ၁၄ ရက်တွင် မန်လွယ်ကျေးရွာ၊ ကျင်သီကျေးရွာတစ်ဝိုက်၊ အောက်တိုဘာ ၁၅ ရက်တွင် ဘော်ကြိုကျေးရွာ၊ ကောင်းခါးကျေးရွာနှင့် နားခဲကျေးရွာ၊ အောက်တိုဘာ ၁၆ ရက်တွင် ခါလိမ်ခါလွေကျေးရွာမှ တစ်ဆင့် သီပေါတိုးဂိတ်တို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထိုသို့ အဆင့်ဆင့် နေရာတစ်ခုပြီးတစ်ခု ချီတက်ရှင်းလင်းသိမ်းပိုက်စဉ် တပ်မတော်စစ်ကြောင်းများ ကျင်သီကျေးရွာအနီးသို့ အရောက် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် ကျောက်မဲမြို့နှင့် သီပေါမြို့ အကြားရှိ အလျားပေ ၂၀၀နှင့် အနံ ၂၈ ပေရှိ ရေစီးသန်သည့် နမ့်ပန်စီချောင်းကူးတံတားဖြစ်သည့် ကျင်သီတံတားကို ယုတ်မာရိုင်းစိုင်းစွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်လျက်ရှိစဉ် တပ်မတော်စစ်ကြောင်းများက အချိန်မီရောက်ရှိသွားသည့်အတွက် တံတားကို အလုံးစုံမိုင်းခွဲဖျက်ဆီးနိုင်ခြင်းမရှိဘဲ ဖရိုဖရဲဖြင့်ဆုတ်ခွာထွက်ပြေးကာ အချို့အား မိုင်းခွဲဖျက်ဆီးခဲ့သည့်အပြင် လမ်းကြောင်း တစ်လျှောက်တွင်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများဖြစ်စေရန်အတွက် မိုင်းများဖြင့် အတားအဆီးများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းရှိ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ အန္တရာယ်မဖြစ်စေရန်အတွက် စနစ်တကျဖယ်ရှားရှင်းလင်းခြင်း၊ ပျက်စီးနေသည့် တံတားနေရာများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ညတွင်းချင်း

**စာမျက်နှာ ၂၄ သို့**



တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ရုံးဌာနအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၃ မှအဆက်

ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံချေမှုန်းခဲ့သည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ သီပေါမြို့အဝင် Toll Gate သို့ ရောက်ရှိစဉ် TNLA အကြမ်းဖက် သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက မြို့အတွင်းသို့ အလျင်အမြန် ဝင်ရောက်ရှင်းလင်း၍ အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် မြို့တွင်းလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် သီပေါမြို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ သီပေါမြို့အနီးဝန်းကျင်သို့ ရောက်ရှိနေသည့် တပ်မတော်စစ်ကြောင်းအနေဖြင့်လည်း စိတ်ဓာတ်ကျဆင်းစွာ ဖရိုဖရဲဖြင့် သီပေါမြို့၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို ထက်ကြပ်လိုက်လံ တိုက်ခိုက်ချေမှုန်းလျက် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ၃၄ ကီလိုမီတာအကွာအဝေးအား အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၁၆ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခုနစ်ကြိမ်၊ ထိတွေ့မှုပေါင်း ၂၁ ကြိမ် စုစုပေါင်း ၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၃ လောင်း၊ လက်နက် ခုနစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

TNLA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ စိတ်ကူးယဉ်အိပ်မက်ဖြစ်သည့် ပလောင်ပြည်နယ်ရရှိရေးတွင် တစ်ခုအပါအဝင်ဖြစ်သော သီပေါမြို့ကိုလည်း တပ်မတော်က ထပ်မံ၍ အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်အတွက်လည်း ၎င်းတို့၏ စိတ်ကူးယဉ်အိပ်မက်များ ဝေးသည်ထက်ဝေးကွာကာ ခေါင်းဆောင်ပိုင်းမှအစ လက်အောက်အဆုံး လက်နက်ကိုင်သောသူတိုင်းနီးပါး စိတ်ဓာတ်များ အကြီးအကျယ် ကျဆင်းစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးလျက်ရှိသကဲ့သို့ အချို့အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များအနေဖြင့်လည်း နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံ ဆက်သွယ်၍ အလင်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင် လုပ်ဆောင်ခဲ့သည့် ၎င်းတို့၏ အကြမ်းဖက်လမ်းစဉ်နည်းလမ်းအတိုင်း လုပ်ဆောင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သီပေါမြို့ရှိ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ် အပါအဝင် အခြားဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များကို ရက်စက်ယုတ်မာရိုင်းစိုင်းစွာ မီးရှို့ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့ရွာများအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများ ဖြစ်ပွားစဉ်ကာလအတွင်း ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတား အပါအဝင် အများပြည်သူ အဓိကသွားလာအသုံးပြုလျက်ရှိသည့် တံတားကြီးငယ်များကို ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများ ပိတ်ဆို့တားဆီးခြင်းများ လုပ်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ပြန်လည်ပြုပြင်ခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ သီပေါမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် နောင်ချိုမြို့နှင့်ကျောက်မဲမြို့တို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် သီပေါမြို့မှ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားမိဘပြည်သူများ ပြန်လည်ဝင်ရောက်၍အေးချမ်းစွာလုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ရာ ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက် ရှိသကဲ့သို့ပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများကလည်း ယခုကဲ့သို့ တပ်မတော်၏ အောင်မြင်မှုများအတွက် ထပ်တူဂုဏ်ယူဝမ်းမြောက်လျက်ရှိပြီး ရှေ့တန်းရောက်တပ်မတော်သားများအတွက် နိုင်ငံတစ်ဝန်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား ပေးပို့လှူဒါန်းလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ရှေ့တန်းရောက်တပ်မတော်သားများ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက သီပေါမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတစ်ဝန်းရှိ စေတနာရှင်များက လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ရောက်ရှိမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများ ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် အမှတ်(၄) ရပ်ကွက်နေသူများဖြစ်ကြသည့် "Ma Kha-ing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခိုင်ခိုင်နွယ်၊ "ဖိုးသူတော် ကိုမင်း ကိုမင်း" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ထွဋ်မင်း(ခ)မင်းမင်း၊ "Zaw Thu Ya" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇော်ညီညီ(ခ)ဇော်သူရနှင့် "@user 490397541595" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ကျော်ကျော်လွင်တို့ လေးဦးကို ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ကန့်ဘလူ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၉၃၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၈ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲဧက ၅၁၉၃၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက်စိုက်ခင်းများအတွင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။ (၂၀၆)

# ရေကြည်မြို့နယ် ရေလဲကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး


**ရေကြည် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့်ကြပ်ကွင်းကျေးရွာအုပ်စု ရေလဲကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ရေလဲကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေလဲကြီးကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၇၆၅၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ် သိန်း ၃၀၊ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**



ဝတ္ထုတိုကဏ္ဍ

# မြစ်ရေစုန်ဆန်

## မောင်ခြိမ့်



(၁)

မြစ်ဝကျွန်းပေါ်ဒေသဖြစ်သမို့ အသွယ်သွယ် စီးဆင်းယှက်ဖြာနေသည့် မြစ်မ၊ မြစ်သေး၊ မြစ်မွှား၊ ချောင်းကြီး၊ ချောင်းငယ်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာ ကြည့်လေရာရာတိုင်း၌ လက်ညှိုးထိုးမလွဲရှိနေတော့၏။

မြစ်မကြီးတစ်စင်းဆီမှ ခွဲထွက်စီးဆင်းနေသော ချောင်းကလေးတစ်ခု၏ ဘေးနှစ်ဖက်ကမ်းပါးပေါ်တွင်တော့ မျက်နှာချင်းဆိုင်တည်ထားသော တံငါရွာကလေးတစ်ရွာရှိ၏။

ထိုရွာကလေးကဲ့သို့ လယ်သမားရွာကလေးများ၊ တံငါရွာကလေးများ၊ လယ်သမားရော တံငါပါ ထွေးရောယှက်တင် စုပေါင်းနေကြသော ရွာကလေးများ ဟိုမှာတစ်စု၊ သည်မှာတစ်စုဖြင့် ကြက်ယက်ထားသော စပါးစေ့များနှယ် ပြန့်ကျဲလျက်ရှိ၏။

ထိုရွာစု၊ ရွာဝိုင်းတို့နှင့် ခပ်လှမ်းလှမ်းချောင်းတိမ်ကလေး၏အဖျားတွင် ရွာသုသာန်ကလေးသည် ကုက္ကိုပင်များ၊ ရေမန်ကျည်းပင်များ၊ ပျဉ်းမပင်များ၊ သစ်ပင်များ၊ သပြေပင်များ၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းကာ အထီးတည်းတည်ရှိနေ၏။

နွေနှင့်ဆောင်းကာလများတွင် ကုန်းမြေမို့မို့ပေါ်နေသော်လည်း မိုးတွင်းကာလများတွင်တော့ သုသာန်မြေပြင်တစ်ခွင်တစ်ပြင်လုံး ရေများဖွေးလျက်ရှိသည်။ ရွာသိမ်ရွာငယ်ကလေးများသာ များသဖြင့် ခမ်းခမ်းနားနား အုတ်ဂူများမရှိ၊ ရေးတုန်းက လယ်ပိုင်ရှင်ကြီးများ၊ အင်းသားကြီးများကဲ့သို့ တော၏ကြေးရတတ် လူချမ်းသာများ၏ အုတ်ဂူဟောင်း၊ အုတ်ပျက်များသာ အနည်းအကျဉ်းရှိသည်။ အိုမင်းယိုင်နဲ့၊ ဆွေးမြည့်ပျက်စီးကာ ပြုပြင်သူကင်းမဲ့လျက်ရှိသည့် သရဏဂုံတင်ရာ သင်္ချိုင်းဇရပ်ကလေးသည်သာ သင်္ချိုင်း၏တစ်ခုတည်းသော အဖော်အဖြစ် ညှိုးငယ်စွာရပ်တည်လျက်ရှိ၏။ ဝန်းကျင်တစ်ဝိုက်တွင်တော့ ခရာပင်များ၊ စိန္နဘော်ပင်များ၊ အလိုလေးချုံများ၊ ကျူပင်များ ပိန်းပိန်းပိတ်မျှရှိသည်။

မစည်ကားအပ်သော အရပ်ဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထိုရွာသင်္ချိုင်းကလေးတွင် ယနေ့လူသံဆူသံများဖြင့် စည်ကားလျက်ရှိသည်။

အသုဘအလောင်းတင်ဆောင်လာသော နှစ်စင်းတွဲလှေဖောင်ကလေးပေါ်မှ သယ်၍ချလိုက်သည်နှင့်-

"နောက်လာအုံးမလားဟေ့"

"မလာတော့ပါဘူးခင်ဗျ"

"နောက်ထပ် လာအုံးမလားဟေ့"

"မလာတော့ပါဘူးခင်ဗျ"

"နောက်ထပ် လာအုံးမလားဟေ့"

"မလာတော့ပါဘူးခင်ဗျ"

အော်၍မေးသံနှင့်အတူ ကျင်းတူးထားရာမှ ထွက်လာသည့် နွံ့ဖတ်၊ မြေခဲများနှင့် တဖျောဖျောပစ်သံကြီးထွက်ပေါ်လာ၏။ ကျင်းတူးရာနေရာမှ ပစ်လွှတ်လိုက်ကြသော မြေစာခဲများသည် အလောင်းသယ်လာသည့် လူအုပ်ကြီး၏ ဘေးကိုလည်းကောင်း၊ အပေါ်သို့ကျော်၍လည်းကောင်း အနှံ့အပြားထိမှန်လျက်ရှိရာ အသုဘထမ်းလာသောလူများက မျက်နှာကို လက်ဖြင့်ကာထားကြကာ "မလာတော့ပါဘူးခင်ဗျ"ဟု ကုန်း၍ အော်နေရသည်။

သုံးကြိမ်သုံးခါစေ့သွားသောအခါမှ ခဲဖြင့် အပစ်ရပ်တော့၏။ ထိုအခါကျမှ အသုဘထမ်းသူလူအုပ်ကြီးက ယိုင်နေသောဇရပ်ကလေးပေါ် အသုဘကိုတင်ရ၏။

ကြိုတင်ရောက်နေသော ရွာဦးကျောင်းဆရာတော်က သရဏဂုံတင်သည့်ကိစ္စများ ဆောင်ရွက်ပြီးသောအခါ သူတို့ဓလေ့အတိုင်း သေသူ ကျန်သူတို့ အချင်းချင်းတောင်းပန်ကျေအေးပွဲရှိ၏။

"ဟဲ့ လိုက်ဆိုလေ၊ ဘာလို့ပါးစပ်ပိတ်နေတာလဲ၊ ဒါဟာနောက်ဆုံးအခွင့်အရေးဆိုတာ သိရဲ့လား၊ နင့်တစ်သက် နောက်ထပ်ဘယ်တော့မှမရနိုင်တော့တဲ့ အခွင့်အရေးပဲစံဖေ၊ ဆိုလိုက်ပါဟယ် ဆိုလိုက်"

ငိုသံပါကြီးနှင့်ပြောနေသော ထွေးလေးလှခင်၏ အသံကြောင့် ရွာသားများ၏အကြည့်က သူ့ဆီစုပြုံရောက်လာမှန်း မော့မကြည့်ဘဲနှင့် စံဖေသိနေသည်။

ရွာကလေးနှင့်တစ်ခေါ်ခန့်ဝေးသည့် ကွမ်းသီးချောင်းအဖျား သုသာန်ကလေးအလယ်ရှိ ဇရပ်ကလေးအတွင်း အသုဘပို့သူ လေး၊ ငါးဆယ်ခန့်ရှိကြပြီး အချို့က ဇရပ်ကလေးဘေးတွင် မိုးတိုးမတ်တတ်ရပ်လို့၊ အချို့ကတော့ ဆောင့်ကြောင့်ထိုင်ကာ ဆေးပေါ့လိပ်တွေ ထောင်းထောင်းထအောင်ဖွာလို့၊ ကာလသား လေး၊ ငါးယောက်ကတော့ ဇရပ်ကလေးဘေးနားတွင် ဟိုတစ်လုံး သည်တစ်လုံးပြန့်ကျဲနေသည့် အုတ်ဂူဟောင်းကလေးများပေါ်ထိုင်၍ တိတ်ဆိတ်စွာရှိနေကြသည်။

တွင်းတူးသမားတင်နှင့် အသောက်သမားတစ်စုကတော့ ကျင်းနှုတ်ခမ်းပေါ်ထိုင်ကာ တောအရက်ကလေးမော့လိုက်၊ တစိမ့်စိမ့်ထွက်လာသော ရေများကို ကျင်းထဲမှ ခပ်ထုတ်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။

အုပ်ဆိုင်းညို့မှိုင်းနေကာ သက်တမ်းရာနှင့်ချီပြီးကြီးရင့်လျက် လူနှစ်ယောက်ဖက်၍ပင် မမီနိုင်သော ကုက္ကိုပင်ကြီးများက ဇရပ်ကလေး၏ဝန်းကျင်တစ်ဝိုက်သို့ နေပြောက်မထိုးနိုင်အောင် အရိပ်အာဝါသကောင်းလှ၏။

တောကျီးကန်းတချို့သည် "တအာအာ တအာအာ"အသံများပေးရင်း ဟိုသည်ပျံဝဲနေကြပြီး၊ အချို့ကတော့ ကုက္ကိုကိုင်းများပေါ်တွင် နားကာ... လူသေမြှုပ်ပြီး မြေပုံပေါ်မှာတင်ထားခဲ့မည့် စားမြိန်စာထုပ်အား သူ့ထက်ငါကောင်း ထိုးသုတ်ရန် စောင့်ဆိုင်းလျက်ရှိနေကြသည်။

"လိုက်ဆိုလိုက်ပါ စံဖေရာ၊ မင်းက မဆိုတော့ မင်းညီတွေ၊ ညီမတွေက မဆိုရဲဘူးဖြစ်နေကြတယ်။ ဖအေတစ်ယောက်ရဲ့ နောက်ဆုံးခရီးမှာ အဖုအထစ်တွေမဖြစ်ပါစေနဲ့။ မင်းတို့တစ်တွေ သူ့အပေါ် ခွင့်လွှတ်လိုက်ကြပါ။ သူကလဲ မင်းတို့အပေါ် ခွင့်လွှတ်မှာပါကွာ... ဘကြီးကတော့ ဒါပဲပြောချင်တယ်"

ဝမ်းနည်းကြေကွဲသံ ဆို့ဆို့နင့်နင့်ကြီးနှင့် ပြောသည့် ဘကြီးသာကျော်၏ အသံကိုကြားရပြန်တော့ စံဖေသည် ခေါင်းကိုအတင်းအောက်ငုံ့ထားရင်း အံကိုတင်းတင်းကြိတ်လျက် ချုပ်တည်းထားသော်ငြားလည်း ဇရပ်ကလေး၏ ကြမ်းပြင်ပေါ်သို့ မျက်ရည်တစ်ပေါက် တောက်ခနဲကျတော့၏။

ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသကမူ စကားတစ်ခွန်းမှ မိန့်တော်မမူနိုင်ရှာဘဲ စံဖေတို့ညီအစ်ကိုမောင်နှမတစ်စုကို ကရုဏာမျက်ဝန်းများနှင့် ငေးကြည့်နေသည်။

သုသာန်ဇရပ်ကလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာရှိ၏။ တစ်ခါတစ်ရံ လေအဝှေ့တွင် ဇရပ်ခေါင်မိုးသွပ်ပြားအိုများအား အပေါ်မှ အုပ်ဆိုင်းကျနေသည့် သစ်ကိုင်းများ၏ တရှဲရှဲပွတ်တိုက်သံကိုသာ ကြားနေရသည်။

နက်မှောင်သည့်အသားအရေ၊ ရေထဲမိုးထဲ တဖွားဖွားနှင့် ငုပ်ချည်ပေါ်ချည်ပြုရဖန်များသဖြင့် နီကျင်နေသော ဆံပင်ဖုတ်သိုက်၊ ငယ်စဉ်ကတည်းက အလုပ်ကြမ်းများလုပ်ခဲ့ရသဖြင့် ကျယ်ပြန့်ကြီးမားသောလက်ဖဝါးတွင် အသားမာကြီးများက ကြွပ်တက်လို့၊ ပုဆစ်တုပ်၍ထိုင်နေသဖြင့် ပေါ်နေသောခြေသလုံး တုတ်တုတ်မည်းမည်းကြီးများနှင့် ငါးပြေမပါးဟက်လိုက်ကာ ကွဲအက်နေသော အဖတ်အဖတ်လန်နေသည့် ခြေဖဝါးများနှင့် တံငါကြီးစံဖေသည် ရှိရင်းစွဲအသက် လေးဆယ့်ခြောက်နှစ်နှင့် မလိုက်အောင် အိုစာလျက်ရှိ၏။

ခေါင်းကိုအောက်ငုံ့ကာ ဇရပ်ကြမ်းပြင်ကို စိုက်ငေးနေသော ရီဝေစိုစွတ်သည့် မျက်ဝန်းအစုံသည် ဇရပ်ကြမ်းပြင်ကို မမြင်ဘဲ၊ ပင်ပန်းကြီးစွာ၊ ဆင်းရဲငတ်မွတ်စွာ၊ သေးသိမ်နုန့်နဲ့စွာ၊ အဖမဲ့သားလူ့နှင်းပြားအဖြစ် ငယ်စဉ်ဘဝတစ်လျှောက်လုံး ရုန်းကန်ကြီးပြင်းခဲ့ရပုံများကို ရုပ်ရှင်ပြကွက်များလို တစ်ကွက်ချင်း တစ်ကွက်ချင်း ပြန်၍မြင်နေမိလေသည်။

(၂)

စံဖေက အသက်ရှစ်နှစ်သား၊ ကိုးနှစ်သားလောက်သာ ရှိလိမ့်ဦးမည်၊ သူ့အောက်ညီမလေးက ခုနစ်နှစ်၊ တတိယမြောက်ညီက ငါးနှစ်၊ နောက်ဆုံးကောင်ကတော့ နှစ်နှစ်သားလောက်သာရှိလိမ့်မည်။

မိခင်နို့စို့ကောင်းတုန်း၊ ဘာက ဘယ်လိုစ၍ ဖြစ်ကြသည်ကိုတော့ စံဖေမသိခဲ့၊ အသက်ကလည်း ငယ်သေးသည်ကိုး။ ထိုတစ်နေ့၏ ညနေပိုင်းအချိန်တွင်ဖြစ်သည်။

အဖေနှင့်အမေ စကားများကြ၏။ တစ်ယောက်တစ်ခွန်းပြောဆိုကြရင်း ရန်ပွဲ၏ အထွတ်အထိပ်သို့ ရောက်လာပြီ။ အမေကတော့ ငိုလည်းငို၊ ပြောလည်းပြော၊ စံဖေတို့ ကလေးသုံးယောက်က မီးဖိုချောင်ရေကပြင်ကလေးတွင် စု၍ထိုင်နေကြပြီ။ တုတ်တုတ်မျှမလှုပ်ဝံ့။ တစ်ယောက်နှင့်တစ်ယောက် ပြစ်တင်မောင်းမဲသံများ တဖြည်းဖြည်းငြိမ်သက်လာပြီး၊ အမေ၏ တောင်းပန်တိုးလျှိုးသံ၊ ငိုရှိုက်သံများသာ အိမ်ကလေးအတွင်းမှာ ပျံ့လွင့်လို့လာနေသည်။

"ကျုပ်မျက်နှာကို ရှင် မထောက်ချင်နေ၊ ရှင့်သားသမီးတွေရဲ့မျက်နှာကိုတော့ ထောက်ပါအုံးတော်၊ အဲဒီအမျိုးသမီးရဲ့ မျက်နှာက ကျုပ်တို့သားအမိတွေရဲ့မျက်နှာတွေထက် ပိုပြီးကြီးနေသလား ကိုမောင်လှရဲ့။ ရှင့်သားသမီးတွေ ဖအေမရှိလို့ မျက်နှာငယ်ရမှာကို ရှင် ထည့်မတွက်တော့ဘူးပေါ့နော်"

အမေက ဘယ်လောက်ပြောပြော၊ ဘယ်လောက်တောင်းပန်တောင်းပန် အဖေ့ထံမှစကားသံကို မကြားရ။ အငယ်ဆုံးကောင်က လေးဖက်တွား၍ ဖအေ့ပေါင်ပေါ်တက်တော့ အဖေကဖယ်ချပြီး လွယ်နေကျ လွယ်အိတ်ထဲသို့ ပုဆိုးသုံး၊ လေးထည်နှင့် အင်္ကျီများ ထည့်နေသည်ကို တွေ့ရသည်။

ထိုအခါ အမေသည် အဖေ့လက်ထဲမှ အင်္ကျီများကို လုယူရင်း-

"ရှင် တကယ်သွားတော့မှာပေါ့နော်။ ရှင့် သားကလေးတွေ၊ သမီးကလေးတွေကို ရှင်ခွဲရက်တယ်ပေါ့နော်။ ရှင်မရှိရင် ကျုပ်တို့သားအမိတွေ ဘယ်သူ့အားကိုးပြီးနေရမှာလဲ ကိုမောင်လှရဲ့ လုပ်ရက်ပါပေ့ရှင်"

ပါးစပ်ကလည်း ပြော၊ အိမ်အပြင် လှမ်းထွက်ရန်ပြင်နေသော အဖေ့ခြေလှမ်းများကို ရှေ့ကတားရင်း အဖေ့ခြေသလုံးနှစ်ဖက်ကို အတင်းဖက်ထားလိုက်သည်။

ဘာရယ်သိ၍မဟုတ်၊ မီးဖိုရေကပြင်ပေါ်မှ စံဖေတို့ မောင်နှမသုံးယောက်ကလည်း "ဝါး"ခနဲ အော်ငိုလိုက်မိကြသည်။ တစ်အိမ်လုံး ကမ္ဘာပျက်သကဲ့သို့ ဆူညံပွက်လောရိုက်လျက်ရှိသည်။

"ဖယ်စမ်းပါ မခင်မေ၊ ငါ့ကို မတားနဲ့တော့ မရတော့ဘူး။ ဆန်ဆုံစား ကံကုန်သွားဆိုတဲ့ စကားလဲရှိသားပဲ။ မင်းတို့သားအမိတွေနဲ့ ငါက ဆန်လဲမဆုံတော့ဘူး၊ ကံလဲကုန်ပြီလို့သာ သဘောထားလိုက်ပေတော့ ဖယ်စမ်းပါဟာ"

စာမျက်နှာ ၂၇ သို့ á

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၄၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်း ၄၄၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်း စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် တိုးချဲ့ စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးသွားမည်

**ငပုတော အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၆ ဧကကို ယခုနှစ် နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါမတ်ပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၀၆၆ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိအခါမှာတော့ မတ်ပဲ သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ မတ်ပဲတွေ စနစ်တကျစိုက်ပျိုးနိုင်ဖို့ အတွက် ဌာနဆိုင်ရာနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ မတ်ပဲအပြင် ဗိုလ်ကိတ်၊ ပဲတီစိမ်း၊ မြေပဲကိုလဲ စိုက်ပျိုးမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရန်၊ အထွက်နှုန်း ကောင်းမွန်စေရန် တို့အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၆ မှအဆက်**

ပြောပြောဆိုဆိုနှင့် အဖေက အတင်းရုန်းသည်။ အမေက အတင်းဖက်တွယ်ထားသည်။ ထိုအခါ အဖေသည် ဘီလူးသဘက်စီးနေသူပမာ အမေ့ကို ဆံပင်ဆွဲ၍ အတင်းဖယ်ကာ အမေနောက်သို့ ပက်လက်လန်လဲအကျတွင် အိမ်ကလေးပေါ်မှ အတင်းခုန်ဆင်းတော့သည်။

အဖေ ခုန်ဆင်းလိုက်သဖြင့် အိမ်ကလေး သိမ့်သိမ့်ခါ၍ ကျန်ရစ်သည်။ တဖြည်းဖြည်း ဝေး၍သွားသည့် အဖေ့နောက်ကျောပြင်ကြီးကို ယခုထက်တိုင် စံဖေ၏မျက်လုံးအိမ်ထဲတွင် မြင်ယောင်နေမိလေသည်။

(၃)

အသက်ကိုးနှစ်သားကလေး၏ နှလုံးအိမ်ထဲတွင် ထိုအချိန်မှစ၍ နာကြည်းမှုဆူးတစ်ချောင်း စူးနစ်ခဲ့ရလေသည်။ အမေနှင့်အတူ ပျိုးနုတ်၊ ကောက်စိုက်၊ မြက်ရိတ်၊ မြက်ထမ်းရင်း ကြမ်းတမ်းလှသည့် ဘဝကြီးကို စံဖေ လျှောက်ခဲ့ရသည်။

စံဖေ အသက်တစ်ဆယ့်လေးနှစ်တွင် လူ့လောကကြီးကို တတ်စွမ်းသမျှအားအင်ကလေးနှင့်ရင်ဆိုင်ရင်း အမေ စွန့်ခွာသွားခဲ့ပြန်ပြီ။ ထိုအခါ ဥမည်စာမမြောက် ညီ၊ ညီမကလေးတွေအတွက် စံဖေသည်ပင် အဖေ၊ စံဖေသည်ပင် အမေအဖြစ် လောကကြီးကို အားမာန်တင်းကာ ရင်ဆိုင်ခဲ့ရတော့သည်။

ကွန်လှေပွဲ့ကိုင်၊ ပိုက်လှေတစ်ပုံသမား၊ ဗဝန်းသမားနောက်လိုက်၊ ငါးရှာ၊ ဖားရှာ၊ ဘဝမျိုးစုံတွင်ကျင်လည်ကာ သူတို့ဘဝကို သူတို့ဦးဆောင်ခဲ့ရသည်။ တံငါအလုပ်မှန်သမျှ စံဖေအကုန်တတ်၏။ မလုပ်ဖူးတာမရှိ၊ သူ့ဘဝမှာ သူ့အတွက်သူ အသက်ရှင်နေသည်မဟုတ်။ ညီ၊ ညီမလေးတွေအတွက်သာ သူအသက်ရှင်နေခြင်းဖြစ်သည်ဟု ခံယူထားသည်။

ထို့ကြောင့် သူ့အတွက် ဘာတစ်ခုမှမစဉ်းစား။ ညီလေး၊ ညီမလေးတွေ လူလားမြောက်ရေးအတွက်သာ စဉ်းစားခဲ့၏။ ဘဝကြင်ဖော်ကိုပင် သူရှာခဲ့သည်မဟုတ်။ သူ့ညီ၊ ညီမများအတွက် ဘာလုပ်ပေးရမည်လဲကိုသာ သူတွေး၏။

အဖေရော အမေပါ မရှိတော့သဖြင့် သူတို့ဘဝသည် နေမင်းရော လမင်းကြီးပါကွယ်ပျောက်နေသော ကမ္ဘာနှယ်ဖြစ်နေတော့၏။ "အမိမဲ့သား ရေနည်းငါးတဲ့၊ အဖမဲ့သား လူနင်းပြားတဲ့" ရှေးက ဆိုစကားသည် စံဖေ၏နှလုံးသားကို ခါးထက်ထက်နှင့် တတိတိမွှန်းသလိုအခံခက်လှ၏။

**ဆက်လက်ဖော်ပြပါမည်။**

## အထင်

- ကိုယ့်အပေါ်တွင်
အထင်ကြီးကာ နေသည်လား၊
သူ့အကြောင်း သူ့မူမို့
သူ့အယူ သူ့ဇာတ်
စိတ်မှတ်မထား။

- ကိုယ့်ကိုမြင်
အထင်သေးယောင် သူ့အကြည့်၊
သူ့အတွေး သူ့မူမို့
သူ့အယူ သူ့အစွဲ
ရင်ထဲမရှိ။

- ကိုယ့်ကိုပင်
ဘာထင်ထင် ထင်နိုင်ရဲ့၊
သူ့သဘော သူ့မူမို့
သူ့အယူ ဆိုးအကောင်း
ခေါင်းထဲမထည့်။

- လူမှုဘဝ ပတ်ဝန်းကျင်
ဇာတ်ညွှန်းဆင် ဘယ်လိုနေ့တွင်၊
ကိုယ့်တရား ကိုယ်ထုံလို့
ကိုယ့်ခါး ကိုယ်ယုံလို့
ကိုယ့်အား ကိုယ်ပုံလို့
ကိုယ့်ဂုဏ်အင် ကိုယ်ပိုင်အစွမ်းနဲ့
ကိုယ့်လမ်းကိုယ်ဖြောင့်။ ။

**ချစ်စုအောင်**

# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သဖန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၀၄ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ကိုးသိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ သိန်း ထုတ်ချေးပေးထားကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နော်လူး**

# ရုရှား-မြောက်ကိုရီးယား မိတ်ဖက်ဆက်ဆံရေး အလားအလာ

## မောင်သောင်းဝင်း(တမန်ဟောင်း)

ရုရှား-မြောက်ကိုရီးယား မိတ်ဖက်ဆက်ဆံရေးသည် အမေရိကန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများအပြင် ဥရောပသာမက အာရှ-ပစိဖိတ်ဒေသကိုလည်း တိုးမြှင့်ခြိမ်းခြောက်လာသော မဟာမိတ်ဆက်ဆံရေးပုံစံသို့ ပြောင်းလဲတိုးတက်လာလျက်ရှိသည်။ ၎င်းတို့နှစ်နိုင်ငံ၏ဆက်ဆံရေးသည် စစ်ရေးနှင့်စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရာ၌ အကျိုးဖြစ်ထွန်းမှုထက်ပိုမိုနက်ရှိုင်းလာပြီး ရေရှည်မဟာဗျူဟာမြောက်အကျိုးစီးပွားများနှင့် ယူကရိန်းပဋိပက္ခ၌ မြောက်ကိုရီးယား၏ စစ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အကူအညီပေးမှုများအပေါ်တွင် အခြေခံလျက်ရှိသည်။

ရုရှားနှင့်မြောက်ကိုရီးယားကြား ဆက်ဆံရေးသည် ယူကရိန်းပဋိပက္ခနှင့် အနောက်အုပ်စုတို့အပေါ် ဗလာဒီမာပူတင်၏ ဖိအားပေးဆောင်ရွက်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ လက်ရှိအချိန်တွင် နှစ်နိုင်ငံကြား မဟာမိတ်ဖွဲ့မှုသည် ရုရှားနိုင်ငံကို ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ထရန့်အစိုးရအဖွဲ့နှင့် ဆွေးနွေးရာ၌ အထောက်အကူဖြစ်စေလျက်ရှိသည်။ အခြားတစ်ဖက်တွင် မြောက်ကိုရီးယားနိုင်ငံကို ကိုရီးယားကျွန်းဆွယ်အရေးနှင့် စပ်လျဉ်း၍ စစ်ရေးအထောက်အကူများ ရရှိစေမည်ဖြစ်သည်။

ထိုသို့သော အခြေအနေမျိုးတွင် ရုရှားပိုင်နက်နယ်မြေကိုကျော်လွန်၍ မြောက်ကိုရီးယားတပ်ဖွဲ့များတည်ရှိခြင်းနှင့် မြောက်ကိုရီးယားနိုင်ငံတွင် ရုရှားစစ်ဘက်အကြံပေးများ ရောက်ရှိနေခြင်းသည် ပြောင်းလဲမှုဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြောက်ကိုရီးယား ပြည်သူ့တပ်မတော်(KPA)တွင် ဆန်းသစ်သည့် ရုရှားစစ်ဘက်နည်းပညာများကို စတင်တွေ့မြင်ရတော့မည်ဖြစ်သည်။

စင်စစ်အားဖြင့် နှစ်နိုင်ငံကြား မဟာမိတ်ဖွဲ့မှုသည် နေ့ချင်းညချင်းဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား ဆက်ဆံရေးခိုင်မာအားကောင်းလာသည့် အကြောင်းတရား သုံးခုရှိနေသည်။ နှစ်နိုင်ငံမဟာမိတ်ဖွဲ့မှု၏ မောင်းနှင်အားများကိုလေ့လာခြင်းအားဖြင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ်ပဋိပက္ခအပြင် အမေရိကန်နှင့် အနာဂတ်ဆွေးနွေးမှုများကိုပုံဖော်တည်ဆောက်ရာတွင် မည်သို့မည်ပုံ သြဇာအာဏာတည်ဆောက်သွားမည်ဆိုသောအချက်ကို သိရှိသဘောပေါက်လာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရုရှားအနေဖြင့် ၎င်း၏မဟာဗျူဟာမြောက်ရပ်တည်ချက်များ ခိုင်မာအားကောင်းစေရန်၊ ဥရောပအပေါ်ဖိအားပေးရန်နှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာရည်မှန်းချက်များပိုမိုကျယ်ပြန့်လာစေရန် မြောက်ကိုရီးယားကို မည်သို့မည်ပုံ အသုံးချသွားနိုင်ကြောင်းကို လှစ်ဟပြသလျက်ရှိသည်။

**ယူကရိန်းပဋိပက္ခ**

၂၀၂၂ ခုနှစ်သည် နိုင်ငံကြီးများ၏ အစိုးရများအတွက် အပြောင်းအလဲ တစ်ရပ်ပင်ဖြစ်သည်။ တရုတ်၊ အီရန်နှင့် မြောက်ကိုရီးယားတို့ရှိ ခေါင်းဆောင်များသည် ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ အနောက်အုပ်စု၏တုံ့ပြန်မှုကို အလေးထားစောင့်ကြည့်ခဲ့သည်။ ယူကရိန်းသို့ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာအထောက်အပံ့များပေးနေသော အနောက်အုပ်စုသည် လက်နက်ခဲယမ်းများ ပေးပို့ရုံမှအပ ရုရှားနိုင်ငံနှင့် တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း ဟနွိုင်းမြို့၌ပြုလုပ်ခဲ့သည့် နျူကလီးယားလက်နက်လျှော့ချရေးဆိုင်ရာ ဆွေးနွေးပွဲများပြီးကတည်းက သီးခြားရပ်တည်ခဲ့သောမြောက်ကိုရီးယားနိုင်ငံသည် တစ်မူထူးခြားသည့် အခွင့်အလမ်းတစ်ရပ်ရရှိခဲ့သည်။ ယူကရိန်းပဋိပက္ခသည် မြောက်ကိုရီးယားကို သံခင်းတမန်ခင်းနှင့် အယူအဆပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်နှင့် မဟာဗျူဟာမြောက်ရပ်တည်ချက်ကို ပြန်လည်သုံးသပ်ရန် အသက်ရှူပေါက်ရရှိခဲ့သည်။ ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံသည် ကရိုင်းမီးယားနှင့် ဒွန်းဘတ်စ်ဒေသတို့ကို ရုရှား၏ပိုင်နက်နယ်မြေအတွင်းသို့ ထည့်သွင်းပြဋ္ဌာန်းမှုကို ပထမဆုံး အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းမှလည်း အကျိုးအမြတ်များရရှိခဲ့သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် မြောက်ကိုရီးယားသည် အနောက်အုပ်စုကို ဆန့်ကျင်လျက်ရှိသည့် နျူကလီးယားအင်အားကြီးနိုင်ငံနှင့်



ရုရှားသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့နှစ်ဦး တွေ့ဆုံစဉ်။

နီးကပ်သော ဆက်ဆံရေးကို ထူထောင်ခဲ့သည်။

**ကင်ဂျုံအန်၏ခရီးစဉ်နှင့် ပထမဆုံးသောစစ်လက်နက်ပစ္စည်းတင်သင်္ဘောများ**

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ရုရှားနိုင်ငံသည် မြောက်ကိုရီးယား၏အထီးကျန်ဆန်နေမှုကို တရုတ်နိုင်ငံနှင့်အတူ လက်တွဲခေါ်ဆောင်ခဲ့သည်။ ထိုစဉ်က ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူ ဦးဆောင်သော ရုရှားကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယား၌ပြုလုပ်သည့် ကိုရီးယားစစ်ပွဲအောင်မြင်မှုအထိမ်းအမှတ် နှစ် ၇၀ ပြည့်နှစ်ပတ်လည် အခမ်းအနားသို့ တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တက်ရောက်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအတွက်မူ အဆိုပါအခမ်းအနားသည် တရုတ်နိုင်ငံအပေါ်စီးပွားရေးအရ မှီခိုအားထားနေရမှုလျှော့ချရန်အပြင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်နိုင်ငံရေးဆိုင်ရာ မတည်ငြိမ်မှုတို့ကို ဖြေလျှော့သွားရန်ဖြစ်ပြီး ရုရှားကာကွယ်ရေးဝန်ကြီး၏ခရီးစဉ်သည် ရုရှား၏ ကာကွယ်ရေးကဏ္ဍနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည့်အခွင့်အလမ်းတစ်ရပ်ဖြစ်ပေါ်စေခဲ့ရာ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ကာကွယ်ရေးဘတ်ဂျက် ၃၀ ရာခိုင်နှုန်းဖိုးခန့်ရှိသည့် စစ်လက်နက်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ယူကရိန်းပဋိပက္ခ၌ လက်နက်ခဲယမ်းလျော့နည်းလာသဖြင့် လက်နက်ခဲယမ်းများရောင်းချပေးရန် မြောက်ကိုရီးယားနိုင်ငံသို့ အကူအညီတောင်းခံခြင်းသည် စစ်ဘက်ကုန်သွယ်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ကိုဖန်တီးပေးသည့်အပြင် ရေကြောင်းပို့ဆောင်ရေး၊ ရထားလမ်းနှင့် အဓိကကုန်စည်များနှင့် ထုတ်ကုန်များတွင် ကုန်သွယ်မှုများလုပ်ဆောင်ခြင်းအပါအဝင် နက်ရှိုင်းသော ဆက်ဆံရေးကိုလည်း တည်ဆောက်နိုင်ခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီး၏ မြောက်ကိုရီးယားနိုင်ငံသို့ နှစ်ကြိမ်ထပ်မံသွားရောက်လည်ပတ်မှုနှင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ရုရှား-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက် ယူကရိန်းပဋိပက္ခတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းသော စစ်ဘက်ဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံကို ပဲ့ထိန်းဒုံးကျည်များ၊ ဘက်စုံသုံး ပဲ့ထိန်းရော့ကတ်(GMLRs) များ၊ အမြောက်နှင့် မော်တာကျည်များပံ့ပိုးခဲ့ရာ သင်္ဘောတင်ကွန်တိန်နာ ၂၀၀၀၀ ထိရှိခဲ့ပြီး ရုရှား၏ အမြောက်ကျည်လိုအပ်ချက် ၄၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးခဲ့သည်။

အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို လေယာဉ်ပစ်ဒုံးကျည်၊ ဒရုန်းနည်းပညာ၊ ဂျုံနှင့် စက်သုံးဆီကဲ့သို့သော စီးပွားရေးဆိုင်ရာကုန်စည်များအပြင် နျူကလီးယားအစီအစဉ်နှင့်ဆက်နွှယ်သော ဘဏ္ဍာငွေများပံ့ပိုးပေးခဲ့သည်။ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတွန်းကန်စနစ်ကိုလည်း လက်ခံရရှိခဲ့သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် မြောက်ကိုရီးယားကို Hwasong-11 ပဲ့ထိန်းဒုံးကျည်များနှင့် အခြားသော တာဝေးပစ်လက်နက်များ ယူကရိန်းမြို့ကြီးများပေါ် စမ်းသပ်ပစ်ခတ်ရန် အခွင့်အလမ်းရရှိစေခဲ့သည်။ ထို့ကြောင့် မြောက်ကိုရီးယား၏ စစ်လက်နက်ပစ္စည်း ထုတ်လုပ်မှုစွမ်းဆောင်ရည်များနှင့် ခဲယမ်းများကို ရုရှား၏မဟာဗျူဟာမြောက်စီမံကိန်းများနှင့်ပေါင်းစပ်ခြင်းဖြင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသောစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် မဟာမိတ်ဆက်ဆံရေး၏ အဓိကကျသော အကြောင်းတရား တစ်ခုပင်ဖြစ်သည်။

**အကြီးစားစစ်လက်နက်များ၊ KPA တပ်ဖွဲ့များနှင့် မဟာမိတ်ဖွဲ့စည်းမှု**

၂၀၂၄ ခုနှစ် ဇွန်လအတွင်း သမ္မတပူတင်၏ ပြုံယမ်းခရီးစဉ်၌ မြောက်ကိုရီးယား-ရုရှား ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မဟာမိတ်ဆက်ဆံရေးအတွက် မကြုံစဖူးသောအပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် စတင်အသက်ဝင်သော စာချုပ်အပိုင်း (၄) အရ မဟာမိတ်ဆက်ဆံရေးအတွက် မူဘောင်တစ်ရပ် ချမှတ်နိုင်ခဲ့သည်။ ရုရှားနိုင်ငံ ကာ့စ်ဒေသတွင် မြောက်ကိုရီးယားတပ်ဖွဲ့များ စေလွှတ်သည့်အချိန်မှစ၍ မြောက်ကိုရီးယားသည် ရုရှားနိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၅၀၀၀ ကျော်စေလွှတ်ခဲ့ကြောင်း NATO ထောက်လှမ်းရေးသတင်းများက အစီရင်ခံထားသည်။

ထိုသို့ တပ်ဖွဲ့များစေလွှတ်မှုနှင့် စပ်လျဉ်း၍ အစပိုင်းတွင် ငြင်းဆိုမှုရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ် ဧပြီလတွင် ရုရှားနှင့်မြောက်ကိုရီးယားတို့သည် KPA တပ်ဖွဲ့များစေလွှတ်မှုကို တရားဝင်အသိအမှတ်ပြုခဲ့သည်။ ကင်ဂျုံအန်နှင့် ဗလာဒီမာပူတင်တို့သည် ယူကရိန်းပဋိပက္ခတွင် အောင်မြင်စွာဆင်နွှဲခဲ့သည့် KPA တပ်ဖွဲ့များကို အသိအမှတ်ပြုခဲ့သည်။ KPA တပ်ဖွဲ့များသည် ၎င်းတို့နှင့်အတူ M1989 Koksan ဟောင်ဝစ်ဇာ၊ ယာဉ်ဆွဲအမြောက်များ၊ GMLRs နှင့် Bulsae-4 တင့်ဖျက်ပဲ့ထိန်းဒုံးကျည်များအပါအဝင် အကြီးစားစစ်လက်နက်ပစ္စည်းများ တစ်ပါတည်းပါရှိလာခဲ့သည်။ ၎င်းလက်နက်များကို ရုရှားနှင့် မြောက်ကိုရီးယားတပ်ဖွဲ့များက အသုံးပြုခဲ့ကြောင်းကို ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် မြောက်ကိုရီးယားမီဒီယာများက ဖော်ပြခဲ့သည်။

KPA တပ်ဖွဲ့များသည် ယူကရိန်းပဋိပက္ခ၌ပါဝင်ဆင်နွှဲခြင်းအားဖြင့် NATO အဖွဲ့က လေ့ကျင့်ပေးထားသော ယူကရိန်းတပ်ဖွဲ့များကို တိုက်ခိုက်သည့် အတွေ့အကြုံနှင့် အနောက်နိုင်ငံများ၏ မဟာဗျူဟာများကို တန်ပြန်တိုက်ခိုက်နိုင်မည့် နည်းဗျူဟာများ တိုးတက်လာစေရန်အခွင့်အလမ်းတို့ကို ရရှိစေသည်။ ထို့ပြင် မြောက်ကိုရီးယားတပ်ဖွဲ့များသည် ဒရုန်းတိုက်ဖျက်ရေးနည်းဗျူဟာများနှင့် ဒရုန်းစစ်ဆင်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သဖြင့် ကိုရီးယားကျွန်းဆွယ်နှင့် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များကို စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေလျက်ရှိသည်။

**တိုက်ပွဲဝင်မဟာမိတ်ဆက်ဆံရေး**

ကင်ဂျုံအန်နှင့် ဗလာဒီမာပူတင်တို့သည် လွန်ခဲ့သော သုံးနှစ်ကျော်ကာလအတွင်း လုံခြုံရေးဆိုင်ရာ မဟာမိတ်ထက် စွမ်းဆောင်ရည်သာလွန်သော ပူးပေါင်းယန္တရားတစ်ခုကို တဖြည်းဖြည်းတည်ဆောက်လာခဲ့သည်။ ပူတင်နှင့် ကင်ဂျုံအန်တို့ကြား မဟာဗျူဟာမြောက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ စစ်ရေးထောက်ပံ့မှု၊ လေ့ကျင့်မှု၊ နည်းပညာလွှဲပြောင်းမှုနှင့် နီးကပ်သောပုဂ္ဂိုလ်ရေးချစ်ကြည်ရင်းနှီးမှုတို့ကို အခြေခံသောမဟာမိတ်ဆက်ဆံရေးသည် နှစ်ဖက်စလုံးအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းနေသောကြောင့် တစ်မူထူးခြားသည့် တိုက်ပွဲဝင်မဟာမိတ်ဆက်ဆံရေးပုံစံဖြစ်နေသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခမှန်သမျှအတွက် တရုတ်နိုင်ငံအပြင် ရုရှားကဲ့သို့အရေးပါသော မဟာမိတ်နိုင်ငံထပ်မံရရှိထားသောကြောင့် အမေရိကန်နိုင်ငံကို တုံ့ပြန်နိုင်ရန် နည်းပညာ၊ အကြံဉာဏ်နှင့် နိုင်ငံရေးဆိုင်ရာ ထောက်ခံမှုများရရှိထားသည်။ အခြားတစ်ဖက်တွင်လည်း ပူတင်အနေဖြင့် ယူကရိန်းပဋိပက္ခအတွက် လက်နက်၊ ခဲယမ်းများ၊ လေ့ကျင့်သား ပြည့်ဝနေသော တပ်ဖွဲ့ဝင်များ ဆက်လက်ထောက်ပံ့မှုရရှိထားသည်။

ဆိုရလျှင် ရုရှားနိုင်ငံသည် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက်မိတ်ဖက် ဆက်ဆံရေးအရ မြောက်ကိုရီးယားတပ်ဖွဲ့များကို ဆက်လက်အသုံးပြုခွင့်ရရှိနေမည်ဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ရုရှားထံမှနည်းပညာနှင့်အကူအညီများ တောင်းခံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြောက်ကိုရီးယား-ရုရှား မိတ်ဖက်ဆက်ဆံရေးသည် ဥရောပနိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံတို့ကို သတိပေးတပ်လှန့်လျက်ရှိသည့်အပြင် အမေရိကန်နိုင်ငံကိုလည်း ဒေသတွင်းရှိမဟာဗျူဟာကို ပြန်လည်သုံးသပ်ဆောင်ရွက်ရန် ဖိအားဖြစ်ပေါ်စေလျက်ရှိပေသည်။

**ကိုးကား**

- The North Korea-Russia Partnership is now a Battle-Tested Alliance by The Diplomat.

# တနင်္ဂနွေနေ့ညရဲ့ အမှတ်ပေးပွဲစဉ်တွေထဲက စီးရီးအေကလပ် အတ္တလန္တာအသင်း၊ ဂျာမန်ကလပ် စိန့်ပေါ်လီအသင်း၊ ပြင်သစ်ကလပ် ရင်းနက်အသင်းတို့ကို အားပေးရမှာပါ

M L




ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ လက်ရှိဘောလုံးရာသီအစပိုင်းကျော်လွန်လာတာနဲ့အမျှ ပြိုင်ပွဲတွေအနေနဲ့ အတော်အတန်ရောက်ရှိလာခဲ့ပြီဖြစ်သလို ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် အာဆင်နယ်အသင်းက ရမှတ် ၁၆ မှတ်နဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေပြီး အဆင့်(၂)နေရာမှာ လီဗာပူးလ်အသင်းက ရမှတ် ၁၅ မှတ်နဲ့ ရပ်တည်နေပါတယ်။ အဆင့်(၃)နေရာမှာတော့ စပါး၊ အဆင့်(၄)နေရာမှာ ဘုန်းမောက်နဲ့ အဆင့်(၅)နေရာမှာ မန်စီးတီးအသင်းတို့က အသီးသီးရပ်တည်နေကြပါတယ်။ စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲမှာဆိုရင်လဲ ရီးရဲလ်မက်ဒရစ်အသင်းက ရမှတ် ၂၁ မှတ်နဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေပြီး အဆင့်(၂)နေရာမှာ ထိပ်သီးပြိုင်ဘက်အသင်းဖြစ်တဲ့ ဘာစီလိုနာအသင်းက ရပ်တည်နေပါတယ်။ ဒ့ါပြင် စီးရီးအေအမှတ်ပေးပြိုင်ပွဲမှာဆိုရင်လဲ နာပိုလီအသင်းက ရမှတ် ၁၅ မှတ်နဲ့ အဆင့်(၁)၊ ရိုးမားအသင်းက ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါမှာဆိုရင်လဲ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၁)နေရာမှာ ဆက်လက်ရပ်တည်နေပြီး ပြင်သစ်လီဂူးပွဲစဉ်မှာလဲ ပီအက်စ်ဂျီလိုအင်အားကြီးအသင်းကပဲ ထိပ်ဆုံးမှာ ရပ်တည်နေတာပါ။ ဒါကြောင့် အခုတစ်ပတ်ပြိုင်ပွဲမှာလဲ သက်ဆိုင်ရာလိဂ်အသီးသီးက အသင်းတွေအနေနဲ့ အမှတ်ပေးပြိုင်ပွဲအပြင် ကြားရက်မှာကျင်းပမဲ့ ဥရောပပြိုင်ပွဲတွေမှာ ဘယ်လိုယှဉ်ပြိုင်ကစားရမယ်ဆိုတာ စိတ်ဝင်စားစရာအကောင်းဆုံးဘောလုံးရက်သတ္တပတ်ကို ပရိသတ်တွေအနေနဲ့ ဆက်လက်မြင်တွေ့ရအုံးမှာပါ။

### အတ္တလန္တာအသင်းကို အားပေးရမှာပါ

အတ္တလန္တာအသင်းနဲ့ လာဇီယိုအသင်းတို့ပွဲစဉ်ဟာ အီတလီစီးရီးအေပွဲစဉ်(၇)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး သူတို့နှစ်သင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ နိုင်ပွဲပျောက်ဆုံးခဲ့ကြပါတယ်။ အတ္တလန္တာအသင်းက အိမ်ကွင်းမှာ ကိုမိုအသင်းကို တစ်ဂိုးစီသရေ၊ လာဇီယိုအသင်းက တိုရီနိုအသင်းကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ခဲ့ကြပါတယ်။ လက်ရှိမှာ အတ္တလန္တာအသင်းအနေနဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာဖြစ်ပြီး စီးရီးအေပွဲစဉ်ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲသာအနိုင်ရရှိထားကာ လေးပွဲသရေနဲ့ ရှုံးပွဲမရှိသေးပါဘူး။ သူတို့အသင်းအနေနဲ့နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားတယ်ဆိုပေမဲ့ စီးရီးအေနှစ်ပွဲဆက်သရေကျထားတာဖြစ်ပြီး ဒီပွဲပြီးရင် သူတို့အသင်းအတွက် ကြားရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ချက်ကလပ် ဆလားဗီးယားပရာဟာအသင်းနဲ့ကစားဖို့ကလဲ ရှိနေပါတယ်။ ဒါကြောင့် အတ္တလန္တာအသင်းအနေနဲ့ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲမပျောက်ဆုံးအောင် အခုပွဲစဉ်မှာ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။ ဒ့ါပြင် အတ္တလန္တာအသင်းရဲ့ ခရိုအေးရှားလူမျိုးနည်းပြ အိုင်ဗန်ဂျူရစ်အနေနဲ့လဲ ပြီးခဲ့တဲ့ကိုမိုအသင်းနဲ့ပွဲစဉ်မှာ အားနည်းခဲ့တဲ့ကွင်းလယ်ပိုင်းကို အကောင်းဆုံးပြင်ဆင်လာနိုင်တာကြောင့် လာဇီယိုအသင်းအနေနဲ့ ဂိုးရဖို့အခက်တွေ့နိုင်ပါတယ်။

အီတလီစီးရီးအေပွဲစဉ်ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊တစ်ပွဲသရေနဲ့ သုံးပွဲထိရှုံးနိမ့်ထားတဲ့ လာဇီယိုအသင်းကတော့ ရမှတ် ခုနစ်မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီအဖွင့်ပွဲစဉ်မှာ ကိုမိုအသင်းကိုပဲ အဝေးကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ရာသီအဖွင့်ဆိုးရွားခဲ့သလို ဗီရိုနာနဲ့ ဂျီနိုအာအသင်းကို အနိုင်၊ ဆက်ဆူအိုလိုနဲ့ ရိုးမားအသင်းတို့ကို ထပ်မံရှုံးနိမ့်ခဲ့ပြီး ပြီးခဲ့တဲ့တိုရီနိုအသင်းနဲ့ ပွဲစဉ်မှာလဲ နောက်ကနေ လိုက်ကစားပြီးကာတယ်ဒီရဲ့ နောက်ကျပင်နယ်တီဂိုးကြောင့်သာ သရေရလဒ်ရရှိခဲ့တာပါ။ ဒါကြောင့် လာဇီယိုအသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီက ထက်မြက်ခဲ့တဲ့ ခြေစွမ်းမျိုးကို မတွေ့ရှိရတော့ဘဲ ပုံစံကောင်းတွေပျောက်ဆုံးနေတယ်လို့ ဆိုရမှာပါ။ ဒ့ါပြင် သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီအဝေးကွင်းပွဲစဉ်သုံးပွဲမှာ နှစ်ပွဲထိရှုံးပွဲကြုံတွေ့ထားရတာကြောင့် အခုအတ္တလန္တာအသင်းနဲ့ပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ ရုန်းကန်ရအုံးမှာပါ။

သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ကြိမ်တွေ့ဆုံမှုမှာ လာဇီယိုအသင်းက တစ်ကြိမ်အနိုင်ရထားပြီး တစ်ကြိမ်သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ လာဇီယိုအသင်းရဲ့ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် အတ္တလန္တာအသင်းကိုပဲ အားပေးရမှာပါ။

### အတ္တလန္တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၄ | - | ၀ | အတ္တလန္တာ |
| တိုရီနို | ၀ | - | ၃ | အတ္တလန္တာ |
| ဂျူဗင်တပ် | ၁ | - | ၁ | အတ္တလန္တာ |
| အတ္တလန္တာ | ၂ | - | ၁ | ကလပ်ဘရုဂျ် |
| အတ္တလန္တာ | ၁ | - | ၁ | ကိုမို |

### လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လာဇီယို | ၄ | - | ၀ | ဗီရိုနာ |
| ဆက်ဆူလို | ၁ | - | ၀ | လာဇီယို |
| လာဇီယို | ၀ | - | ၁ | ရိုးမား |
| ဂျီနိုအာ | ၀ | - | ၃ | လာဇီယို |
| လာဇီယို | ၃ | - | ၃ | တိုရီနို |

### စိန့်ပေါ်လီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၇)အဖြစ် စိန့်ပေါ်လီအသင်းနဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးသုံးပွဲဆက်ထိ နိုင်ပွဲပျောက်ဆုံးနေပြီး စိန့်ပေါ်လီအသင်းက သုံးပွဲရှုံး၊ ဟော်ဖန်ဟိမ်းအသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ခြေစွမ်းပိုင်းတွေကျဆင်းနေတဲ့အသင်းတွေပါ။ စိန့်ပေါ်လီအသင်းအနေနဲ့ ဘွန်ဒက်လီဂါပွဲစဉ်ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ သုံးပွဲရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဝါဒါဘရီမင်အသင်းကို အပြန်အလှန်ဖိအားပေးမှုနဲ့ ခြေရည်တူကစားနိုင်ခဲ့ပေမဲ့ ပထမပိုင်းပွဲကစားချိန်နှစ်မိနစ်မှာ ဝါဒါဘရီမင်အသင်းတိုက်စစ်မှူး အမ်ဘန်ဂူလာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ လက်ရှိဘောလုံးရာသီအဖွင့်ပွဲစဉ်မှာ ဒေါ့မွန်လိုအသင်းကို သုံးဂိုးစီသရေကစားနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်မှုရှိတယ်လို့ ယူဆခဲ့ရပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ သူတို့အသင်းအနေနဲ့ ဂိုးရဖို့ ရုန်းကန်ခဲ့ရတာကိုတွေ့ခဲ့ရပြီး တိုက်စစ်ပိုင်းကစားသမားတွေဖြစ်တဲ့ လာဂီ၊ ကားစ်နဲ့ စီနာနီတို့ကလဲ ပုံမှန်ခြေစွမ်းပိုင်း ပျောက်ဆုံးနေပါတယ်။

ဟော်ဖန်ဟိမ်းအသင်းအနေနဲ့လဲ ဘောလုံးရာသီအဖွင့်ပွဲစဉ်မှာ လေဗာကူဆင်လိုအသင်းရဲ့အိမ်ကွင်းမှာ နှစ်ဂိုး၊ တစ်ဂိုးနဲ့အနိုင်ရယူနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီကလို အသင်းလိုက်စုဖွဲ့မှုကို ပုံဖော်နိုင်ခဲ့ပြီလို့ ထင်ခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်ငါးပွဲမှာ ယူနီယံဘာလင်အသင်းနဲ့ပွဲစဉ်မှာ တစ်ယောက်အသာစီးနဲ့သာ အနိုင်ရယူနိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းကို လေးဂိုးတစ်ဂိုး၊ ကိုလုံးအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့ကာ ဖရိုင်းဘတ်အသင်းကို တစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာဖြစ်ပြီး အခု စိန့်ပေါ်လီအသင်းနဲ့ပွဲစဉ်မှာလဲ တိုက်စစ်ပိုင်းထက် ခံစစ်ပိုင်းကိုသာ ဦးစားပေးကစားလာရအုံးမှာပါ။

ဒီနှစ်သင်းရဲ့လက်ရှိခြေစွမ်းပိုင်းအနေနဲ့ စွမ်းဆောင်ရည်တူညီနေသလို နိုင်ပွဲ၊ သရေပွဲနဲ့ ရှုံးပွဲတို့လဲတူညီနေပြီး ရမှတ်တူအနေအထားနဲ့ အမှတ်ပေးဇယားအထက်အောက်ရပ်တည်နေကြပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုမှာတော့ ဟော်ဖန်ဟိမ်းအသင်းက နှစ်ကြိမ်စလုံးရှုံးနိမ့်ထားသလို အခုပွဲစဉ်မှာလဲ အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမဲ့ စိန့်ပေါ်လီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### စိန့်ပေါ်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟိုစတိန်း | ၁ | - | ၁ | စိန့်ပေါ်လီ |
| စိန့်ပေါ်လီ | ၂ | - | ၁ | အော့စ်ဘတ် |
| စတုဂတ် | ၂ | - | ၀ | စိန့်ပေါ်လီ |
| စိန့်ပေါ်လီ | ၁ | - | ၂ | လေဗာကူဆင် |
| ဝါဒါဘရီမင် | ၁ | - | ၀ | စိန့်ပေါ်လီ |

### ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | ဖရန့်ဖတ် |
| ယူနီယံဘာလင် | ၂ | - | ၄ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၄ | ဘိုင်ယန်မြူးနစ် |
| ဖရိုင်းဘတ် | ၁ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၀ | - | ၁ | ကိုလုံး |

### ရင်းနက်အသင်းပဲ နိုင်ပွဲရသွားမှာပါ

ပြင်သစ်လီဂူးပွဲစဉ်(၈)အဖြစ် ရင်းနက်အသင်းနဲ့ အော်ဇေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ရင်းနက်အသင်းဟာ လက်ရှိ ဘောလုံးရာသီ အမှတ်ပေးပွဲစဉ်ခုနစ်ပွဲမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ကိုရရှိထားပြီး အဆင့်(၁၀)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ သရေပွဲလေးပွဲထိရရှိထားပြီး ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင်လဲ လီဟာဗေးအသင်းကို နှစ်ဂိုးစီသရေကစားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့တိုက်စစ်နဲ့ ခံစစ်ပိုင်းမျှတအောင်ကစားနိုင်စွမ်းရှိတဲ့ ကစားသမားအစုအဖွဲ့ကို ပိုင်ဆိုင်ထားတယ်လို့ ဆိုရမှာပါ။ ဒ့ါပြင် အိမ်ကွင်းစွမ်းဆောင်ရည်အနေနဲ့လဲ လိုင်ယွန်နဲ့ မာဆေးတို့လိုအသင်းကို အိမ်ကွင်းမှာ အနိုင်ရယူထားတာကြောင့် ခြေရည်တူအသင်းတွေနဲ့ဆုံတွေ့မှုမှာ သူတို့အသင်းအနေနဲ့ အသာစီးရယူကစားနိုင်မှာပါ။ မာဆေးအသင်းကို တစ်ဂိုး ဂိုးမရှိ၊ လိုင်ယွန်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ကစားထားသလို အိမ်ကွင်းနောက်ဆုံးသုံးပွဲဆက်လဲရှုံးပွဲမရှိခဲ့ပါဘူး။

နည်းပြပီလီဆီယားရဲ့ အော်ဇေးအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီကလို ပုံစံကောင်းတွေပြသနိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာအနိုင်ရထားပါတယ်။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲစဉ်ခုနစ်ပွဲကစားထားပြီး နှစ်ပွဲနိုင်၊ ငါးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၆)နေရာမှာ ရပ်တည်တဲ့အသင်းပါ။ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာဆိုရင် သူတို့အသင်းအနေနဲ့ လန့်စ်အသင်းကို အသာစီးရယူကစားနိုင်စွမ်းမရှိခဲ့ဘဲ နှစ်ဂိုးတစ်ဂိုးရလဒ်နဲ့ရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့်သူတို့အသင်းအနေနဲ့ အိမ်ကွင်း၊ အဝေးကွင်းမရွေးခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာပါ။

ဒ့ါပြင် အော်ဇေးအသင်းအနေနဲ့ ရင်းနက်အသင်းရဲ့ အိမ်ကွင်းပွဲစဉ်တိုင်းမှာရုန်းကန်ကစားရတတ်တဲ့ အစဉ်အလာကလဲရှိတာကြောင့် လက်ရှိခြေစွမ်းပိုင်းအသာရနေတဲ့ ရင်းနက်အသင်းကပဲ အခုပွဲစဉ်မှာ နိုင်ပွဲရသွားမှာပါ။

### ရင်းနက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အန်ဂါ | ၁ | - | ၁ | ရင်းနက် |
| ရင်းနက် | ၃ | - | ၁ | လိုင်ယွန် |
| နန့်တက် | ၂ | - | ၂ | ရင်းနက် |
| ရင်းနက် | ၀ | - | ၀ | လန့်စ် |
| လီဟာဗေး | ၂ | - | ၂ | ရင်းနက် |

### အော်ဇေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နန့်တက် | ၁ | - | ၀ | အော်ဇေး |
| အော်ဇေး | ၁ | - | ၂ | မိုနာကို |
| အော်ဇေး | ၁ | - | ၀ | တူးလော့ |
| ပီအက်စ်ဂျီ | ၂ | - | ၀ | အော်ဇေး |
| အော်ဇေး | ၁ | - | ၂ | လန့်စ် |

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ကုန်ဆုံးသွားသော စွမ်းအားများ
# DAGON Malta Fresh
# နဲ့ ဖြည့်စွမ်းထား ...




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀








## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်းအမှတ်(၈၀၀)၊ ကွင်းအမည် **ညောင်ကုက္ကားကွင်း**၊ ဦးပိုင်အမှတ်(၇၂/င)၊ ဧရိယာ(၀.၀၁၃)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၇၂/က
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၇၂/ဆ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၇၂/စ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၇၂/ဃ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်ဇင်လင်း**မှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ပျောက်ဆုံးကြောင်း

ရွှေဘိုမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မောင်ဖြိုးကိုကို (ဘ) ဦးသာဦး (၅/ရဘန(နိုင်)၁၆၉၂၁၂)၏ ပတ်စ်ပို့အမှတ် MB-339379 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-968747418**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အမည်ပြောင်း

နည်းပညာတက္ကသိုလ်(မန္တလေး)တွင် ပဥ္စမနှစ်၊ မြို့ပြအင်ဂျင်နီယာ သနတန်း တက်ရောက်နေသော မောင်တင်လင်းထက် (ဘ) ဦးလေးမောင် (၉/သစန(နိုင်)၁၉၇၀၁၀)အား မောင်ထူးအောင်လင်းထက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထူးအောင်လင်းထက်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း Grade-2 တန်းတွင် ပညာသင်ကြားနေသော မောင်စိုင်းဝဏ္ဏကျော် (ဘ) ဦးကျော်သူရ(၉/ခမစ(နိုင်)၀၂၂၃၉၅)၏ အမည်မှန်မှာ မောင်ရှိုင်းဝဏ္ဏကျော် ဖြစ်ပါကြောင်း။

**မောင်ရှိုင်းဝဏ္ဏကျော်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အ.ထ.က(ခွဲ) ရေကြည်ပေါက်တွင် အထက်တန်းပြတာဝန်ထမ်းဆောင်နေသော ဦးကျော်မြင့်၏ မွေးသက္ကရာဇ်မှာ (၂၄-၁၀-၁၉၇၂)ဖြစ်ပါကြောင်း။

**ဦးကျော်မြင့်**
**(၂၄-၁၀-၁၉၇၂)**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မြို့မရပ်ကွက်နေ အဖ ဦးဝေဖြိုးလွင်၏ သမီး မဖွေးရတနာခိုင် အား ယနေ့မှစ၍ မဖွေးရတနာသနို့ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဖွေးရတနာသနို့**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်...
❖ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များပေးနိုင်ရန်လို...
❖ သို့မှသာ နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

စာမျက်နှာ - ၁၆

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သီပေါမြို့ကို ပြန်လည်ထိန်းချုပ်၊ ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်တော့မည်ဖြစ်



အောင်ပွဲရ တပ်မတော်သားများကို သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။




တပ်မတော်စစ်ကြောင်းများက သီပေါမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၁၇

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်မြို့ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့အား တပ်မတော်စစ်ကြောင်းများက ဒေသခံတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ နည်းမျိုးစုံဖြင့် ကူညီပံ့ပိုးမှုတို့ကို အပြည့်အဝရယူ၍ TNLA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းထံမှ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ကျောက်မဲမြို့မှ ၂၈ ကီလိုမီတာအကွာရှိ ရှမ်းမြောက်ဒေသ၏ မြို့တစ်မြို့ဖြစ်သော သီပေါမြို့ကို ဆက်လက်ချီတက်၍ အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းမှုစစ်ဆင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုတို့ကို အချိန်တိုအတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် သားကောင်းဇာနည် အောင်စစ်သည် တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့မှ သီပေါမြို့သို့ ဖရိုဖရဲအလဲလဲအကွဲကွဲ ဦးတည်ဆုတ်ခွာထွက်ပြေးခဲ့ကြသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို အနားမပေးဘဲ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်မှစ၍ စစ်ကြောင်းများဖြန့်ခွဲကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲတိုက်ပွဲဝင်ခဲ့ကြသည်။

ထိုသို့ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် စစ်ကြောင်းများခွဲ၍ ဆောင်ရွက်ခဲ့ရာတွင်

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာချက်

စာမျက်နှာ - ၂၂

ပြည်ပနိုင်ငံတွင် နေထိုင်၍ အကြမ်းဖက်အုပ်စုများနှင့်ဆက်သွယ်ကာ နိုင်ငံတော်ကို ဆန့်ကျင်ပြီး အကြမ်းဖက်အုပ်စုများအား ငွေကြေးထောက်ပံ့မှုပြုလုပ်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

စာမျက်နှာ - ၂၁

Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans, Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378